မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၃၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံမူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု၌ အလုပ်သဘောချစ်ကြည်ရေးခရီးပြီးဆုံး၍ ဝါရှင်တန်လေဆိပ်မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံအောင်မြင်မှု ရလဒ်တစ်ခုပင်ဖြစ်

နေပြည်တော် မေ ၂၂

အမေရိကန်ပြည်ထောင်စု၌ ပထမဆုံး တရားဝင်အလုပ်သဘော ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အထက်လွှတ်တော်အမတ်များဖြစ်သည့် ဟယ်ရီရိ၊ မစ္စတာ မစ်ချ်မက်ကောနဲလ်၊ ဘန်ကာဒင်၊ ကယ်လီအာယက်နှင့်ဂျွန်မက်ကိန်းတို့နှင့် မေလ ၂၁ ရက်က အမေရိကန်ကွန်ဂရက်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးသန်းဌေးနှင့် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတသည် အမေရိကန်ပြည်ထောင်စု၌ အလုပ်သဘော ချစ်ကြည်ရေးခရီးပြီးဆုံး၍ မေလ ၂၁ ရက် မွန်းလွဲပိုင်းတွင် အမေရိကန်ပြည်ထောင်စုမှပြန်လည်ထွက်ခွာခဲ့ပြီး မေလ ၂၂ ရက် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ၏ ခရီးစဉ်အတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံမူဘောင် သဘောတူညီချက် (Trade and Investment Framework Agreement-TIFA) တစ်ရပ်ကို အမေရိကန်ကုန်သွယ်ရေးအထူးကိုယ်စားလှယ် ဒမီထရက်စ်မရန်းတတ်စ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့က လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါသဘောတူညီချက်မှာ မြန်မာနိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့၏ နှစ်နိုင်ငံအောင်မြင်မှု ရလဒ်တစ်ခုပင်ဖြစ်သည်။ **(သတင်းစဉ်)**

အမေရိကန်ကုန်သွယ်ရေးအထူးကိုယ်စားလှယ် ဒမီထရက်စ်မရန်းတတ်စ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းတို့ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

သတင်းစာဆရာများသည် မီဒီယာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြရန်လို

သတင်းစာမျက်နှာ ➤ ၇

လွတ်လပ်သည့်မီဒီယာသည် ဒီမိုကရေစီလူ့ဘောင်၏အခြေခံအုတ်မြစ်ဖြစ်

တွေ့ဆုံမေးမြန်းခြင်း- စာ ➤ ၈

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

ထစ်ချုန်းမိုး

၂၃-၅-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာ-အမေရိကန်ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာ

မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ၁၉၄၇ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေးစတင်ခဲ့သည့် နိုင်ငံများဖြစ်သည်။ သမိုင်းကြောင်းအရကြည့်လျှင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိပြီးဖြစ်သည့် နိုင်ငံများဖြစ်သည်။ လွန်ခဲ့သည့်နှစ်များအတွင်း နိုင်ငံရေးစနစ်များ မတူညီမှုကြောင့်သာ နှစ်နိုင်ငံ ဆက်ဆံရေးအလှမ်းကွဲခဲ့ရခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်နိုဝင်ဘာလက အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရက်အိုဘားမားသည် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ်အဖြစ် ရောက်ရှိလာခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရ ဖော်ဆောင်ခဲ့သော ပြုပြင်ပြောင်းလဲမှုများကို ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အရပ်ဘက် လူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်စေရန်အတွက် အမေရိကန်ပြည်ထောင်စုက ထောက်ခံအားပေးခဲ့သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ဖွံ့ဖြိုးရေး၊ ဘာသာရေးနှင့် တိုင်းရင်းသားရေးရာများ ဖြေရှင်းနိုင်ရေး၊ ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများ ဆောင်ကြဉ်းနိုင်ရေးတို့အတွက် ကျန်ရှိနေသေးသော စိန်ခေါ်မှုများစွာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ဆွေးနွေးနိုင်ရန် အမေရိကန်ပြည်ထောင်စုသည် မည်သို့ကူညီနိုင်မည်ကို ညှိနှိုင်းရှာဖွေရန် သမ္မတအိုဘားမားက မျှော်လင့်ထားသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်ပြည်ထောင်စုသို့ အလုပ်သဘောခရီးအဖြစ် ရောက်ရှိခဲ့ပြီး မေ ၂၀ ရက်နေ့က ဝါရှင်တန်မြို့ရှိ သမ္မတအိမ်ဖြူတော်သို့သွားရောက်၍ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် အမေရိကန်သမ္မတက "နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို ကြိုဆိုပါကြောင်း၊ ၎င်း၏ဦးဆောင်မှုဖြင့် နိုင်ငံရေးလမ်းကြောင်းသစ်ကို ဖော်ဆောင်ရာတွင် အမေရိကန်နိုင်ငံက အောင်မြင်အောင် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ အချိန်ယူဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း" ဖြင့် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ကို ပြောင်းလဲဖော်ဆောင်နေရာ နှစ်နိုင်ငံကျင့်သုံးသည့် နိုင်ငံရေးစနစ်ချင်း တူညီနေပြီး မြန်မာနိုင်ငံအနေဖြင့် နှစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဒီမိုကရေစီ အတွေ့အကြုံနည်းပါးသေးသဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အမေရိကန်နှင့် မြန်မာနှစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်ရန် မူဝါဒများပြောင်းလဲပြီး စတင်ဖော်ဆောင်ပေးခဲ့သည့် သမ္မတအိုဘားမားအား ကျေးဇူးတင်ကြောင်းကို နိုင်ငံတော်သမ္မတက ပြောကြားခဲ့ပေသည်။

နိုင်ငံတော်သမ္မတသည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင်ရောက်ရှိနေစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဟီလာရီကလင်တန်အား လက်ခံတွေ့ဆုံခဲ့သည်။ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီနှင့် အမေရိကန် ကုန်သည်ကြီးများအသင်းတို့ ပူးပေါင်းကျင်းပသည့် စားပွဲဝိုင်း ဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့ပြီး အမေရိကန်ကုမ္ပဏီများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် သမိုင်းကြောင်းအစဉ်အလာအရ နှစ်ပေါင်းတစ်ရာ့ငါးဆယ်ကျော်ကြာ ဆက်ဆံရေးများရှိခဲ့ဖူးပေသည်။ ယနေ့မြန်မာနိုင်ငံ၏ နှစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲမှုများကို အမေရိကန်က ထောက်ခံအားပေးလျက်ရှိရာ မြန်မာ-အမေရိကန် နှစ်နိုင်ငံအစိုးရအကြား ဆက်ဆံမှုများ တိုးမြှင့်လာမည်ဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာလာမည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးအား အိန္ဒိယနိုင်ငံသံရုံးယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Y K Sailas Thangal သည် မေ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယနိုင်ငံအစိုးရ၏ ထောက်ပံ့မှုဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားဆိုင်ရာ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စုဆောင်းနေမှု အခြေအနေများ၊ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းပြီးစီးမှုများအပေါ် ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးရေး၊ရန်ပုံငွေများ ထပ်မံလွှဲပြောင်းပေးပို့ရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ ထိခိုက်ခံစားခဲ့ကြရသော နှစ်ဖက် လူ့အဖွဲ့အစည်းများအတွက် စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲဇလီပင်ရိပ်ခိုနေသည့် မီးသတ်ယာဉ်ကြီး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယောင်းမြို့ အမှတ်(၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး နောင်ခမ်းလမ်းပေါ်တွင် မဲဇလီပင်ရိပ်ခိုကာ မိုးကာများဖြင့် အုပ်မိုးထားသည့် မီးသတ်ယာဉ်တစ်စီးကို မြင်တွေ့နေရသည်မှာ နှစ်လကျော်ခန့်ပင် ကြာမြင့်နေပြီဖြစ်သည်။ မိုးရွာရွာ နေပူပူ အမိုးအကာကင်းမဲ့စွာဖြင့် ရပ်တည်နေရသော မီးသတ်ယာဉ်ကြီးကို မြင်တွေ့ရသည်မှာ လွန်စွာမှပင် စိတ်မချမ်းမြေ့ဖွယ် ဖြစ်သည့်အတွက် သက်ဆိုင်ရာသို့ စုံစမ်းမေးမြန်းကြည့်ရာ "လက်ရှိမိုင်းယောင်းမြို့နယ် မီးသတ်စခန်းဟာ အမှတ်(၈) ရပ်ကွက် နောင်ခမ်းလမ်းမှာ တည်ရှိပြီး အရင်က ဒေသအရန်မီးသတ်တပ်ဖွဲ့ပိုင်မြေနေရာဖြစ်ပါတယ်။

အကျယ်အဝန်းအားဖြင့် ၁၅×၃၀ ပေရှိပြီး သစ်သားတိုင်၊ သွပ်မိုး အမျိုးအစားဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်မှာ ယခုမြင်တွေ့နေရတဲ့ Lifan အမျိုးအစား မီးသတ်ယာဉ် အမှတ်နပမ-၁၂၃၅၉ ကို နိုင်ငံတော်က ချပေးခဲ့ပါတယ်။ အခုနှစ် မတ်လအတွင်းက DFAC အမျိုးအစား ခေတ်မီ မီးသတ်ယာဉ်တစ်စီးကို ထပ်မံချပေးပါတယ်။

"မီးသတ်ယာဉ် နှစ်စီးရှိတဲ့အတွက် မိုင်းယောင်းမြို့ မီးဘေးကာကွယ်တားဆီးရေးအတွက် သင့်တင့်တဲ့ အင်အားဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ လက်ရှိမြေနေရာဟာ ကျဉ်းမြောင်းတဲ့အတွက် မီးသတ်ယာဉ်နှစ်စီးလုံးထားဖို့ အဆင်မပြေပါဘူး။ တခြားသင့်လျော်မယ့် မြေနေရာကို ရှာဖွေနေစဉ်အတွင်း အခုလို သစ်ပင်ရိပ်အောက်မှာပဲ မိုးကာအုပ်ပြီးထားရတာပါ။ မီးသတ်စခန်းအနေနဲ့ကတော့ မီးဘေးအန္တရာယ်တစ်စုံ တစ်ရာဖြစ်ပေါ်လာရင်အလွယ်တကူ ဝင်ထွက်သွားလာလို့ရမယ့်နေရာဆိုရင် ပိုကောင်းပါတယ်။ မြို့နဲ့ အရမ်းဝေးလွန်းရင် အဆင်မပြေပါဘူး။ သင့်လျော်မယ့် မြေနေရာရတာနဲ့ ခေတ်မီ မီးသတ်စခန်းတစ်ခုအဖြစ် တည်ဆောက်ဖို့ မီးသတ်ဦးစီးဌာနက အသင့်စီမံထားပြီးဖြစ်ပါတယ်။ လောလောဆယ် သင့်လျော်မယ့်မြေနေရာ မရသေးလို့ ယာယီအားဖြင့် အခုလို သစ်ပင်ရိပ်မှာ ထားနေရတာပါ" ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

သို့ဖြစ်ပါ၍ မြို့အင်္ဂါရပ်နှင့် ညီမျှသော ခံ့ညားထည်ဝါသည့် မီးသတ်တပ်ဖွဲ့စခန်းတစ်ခု ပေါ်ထွန်းလာရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများက မီးသတ်ဦးစီးဌာနနှင့်အတူ လက်တွဲကူညီဆောင်ရွက်ပေးကြပါရန်ရေးသားတင်ပြလိုက်ရပါသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

ထင်သာမြင်သာ ပြုပြင်စရာ

မြန်မာ့အလင်းရောင်စုံနေ့စဉ်သတင်းစာကို မေ ၂၄ ရက် (ကဆုန်လပြည့်နေ့)မှစ၍ လေးမျက်နှာတိုးကာ (၂၄) မျက်နှာဖြင့်ထုတ်ဝေမည်

မြန်မာ့အလင်းရောင်စုံနေ့စဉ်သတင်းစာကို အားပေးဖတ်ရှုကြသော အနယ်နယ်အရပ်ရပ်မှ သတင်းစာဖတ်ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြည်တွင်း၊ နိုင်ငံတကာ၊ မှုခင်း၊ ပြည်တွင်း ပြည်ပ အားကစား၊ ခရီးသွား၊ နယ်စပ်ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်သတင်းများ၊ ဆောင်းပါးများ၊ သတင်းဆောင်းပါးများ၊ ကဗျာ၊ ကာတွန်းတို့အပြင် ပြည်သူတို့၏ လိုအင်ဆန္ဒများကို မျက်ခြည်မပြတ်အလေးထားဖော်ပြနေသည့် စာတည်းထံပေးစာ၊ ထင်သာမြင်သာပြုပြင်စရာ စသည့်ကဏ္ဍစုံ ဝေဝေဆာဆာဖော်ပြနိုင်ရန်အတွက် မေ ၂၄ ရက် (ကဆုန်လပြည့်နေ့)မှစ၍ လေးမျက်နှာတိုးကာ စာမျက်နှာ ၂၄ မျက်နှာဖြင့် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ထုတ်ဝေဖြန့်ချိပေးသွားမည်ဖြစ်ပါကြောင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်း- ရှေ့) (သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ (အဖိတ်နေ့)

၂၃-၅-၂၀၁၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသ သတင်း

၇း၃၀ **သတ္တသတ္တာဟစေတီတော် ဗုဒ္ဓဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား၊ မဟာဗောဓိပင် ပြောင်းရွှေ့ပူဇော်ခြင်း မင်္ဂလာအခမ်းအနား၊ ပန်းလည်တိုင်အားအကွတ် ပူဇော်ခြင်းနှင့် ရွှေထီးတော်ဘုံအဆင့်များအား တင်လှူပူဇော်ခြင်းမင်္ဂလာ အခမ်းအနား**

၈း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း

၁၀း၃၀ **မိုခိုရာ** (ဘာဝနာ)

နေ့လယ်

၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း **လစ်သလိုချစ်မယ်** မင်းမော်ကွန်း၊ ခိုင်သင်းကြည် ဒါရိုက်တာ-နောင်ထွန်းလွင်

ညပိုင်း

၁၅း၀၀ ပြည်တွင်းသတင်း

၁၆း၄၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် ပထမနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)

၁၈း၀၀ ပြည်တွင်းသတင်း+ မိုးလေဝသသတင်း

၂၀း၀၀ ပြည်တွင်းသတင်း+ နိုင်ငံတကာသတင်း+ မိုးလေဝသသတင်း

၂၀း၃၅ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအကြောင်း သိကောင်းစရာ

၂၁း၀၀ ပြည်တွင်းသတင်း

- သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ၏ **ကဆုန်လပြည့်ဗုဒ္ဓနေ့** တရားတော် (သံဝေဇနီယလေးဌာန) (ဖွား၊ ပွင့်၊ ဟော၊ စံ)
- ဉာဏ်ရည်ချင်းပြိုင် ဘယ်သူနိုင်

နိုင်ငံတော်ကာကွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ပြီး ပြည်သူလူထုက အားကိုးသော တပ်မတော်တစ်ရပ်ဖြစ်အောင် လုပ်ဆောင်သွားကြရမည်

နေပြည်တော် မေ ၂၂

နိုင်ငံတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အမြင်(၄)မြင်ရှိအောင် ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း၊ စည်းလုံးညီညွတ်မှုရှိမှ အင်အားရှိမည်၊ အင်အားရှိမှ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူကြားမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်၍ ပြည်သူနှင့် တစ်သားတည်းဖြစ်နေအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ရှုမြင်ပြီး ပြည်သူလူထုက အားကိုးသော တပ်မတော်တစ်ရပ်ဖြစ်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းက မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မကွေးတပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး ခွဲစိတ်ကုသဆောင်နှင့် အမျိုးသားကုသဆောင်တို့တွင် ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးကုသဆောင်တွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မကွေးတပ်နယ်အတွင်းရှိ တပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ ယခုနှစ်မိုးရာသီတွင် တပ်နယ်အတွင်း ထန်း၊ မန်ကျည်း၊ တမာပင်များ၊ မာတာကွတ်၊ မဲဇလီစသည့် အရိပ်ရလေကာပင်များကို တစ်အုပ်တစ်မ စိုက်ခင်းများအဖြစ် အောင်မြင်အောင် သတ်မှတ်စိုက်ပျိုးသွားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မကွေးတပ်နယ်ရှိအရာရှိ၊ စစ်သည်မိသားစုများအား တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဟိုတယ်/ခရီးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ပုဂ္ဂလိကက စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်ဆောင်ရွက်နေချိန်တွင် ဝန်ကြီးဌာနအနေဖြင့်လည်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းပြန်လည်ရွေးချယ် တင်မြှောက်ခြင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အသင်း ဖွဲ့စည်းထူထောင်နိုင်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ပူးပေါင်းဆောင်ရွက်မှုအင်အားကိုရယူ၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးဌာနနှင့် လုပ်ငန်းတို့မှတာဝန်ခံအရာရှိများနှင့် နယ်ရုံးခွဲ တာဝန်ခံများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်နိုင်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အများပြည်သူများသို့ မေတ္တာရပ်ခံချက်

"နိုင်ငံတော်မှ ကောက်ခံနေသော အခွန်များသည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြည်သူ့ဝန်ဆောင်မှုများအတွက် သုံးစွဲရန် လိုအပ်ပါသဖြင့် အခွန်ကိစ္စကို ပြည်သူများမှ ဝိုင်းဝန်းကူညီပါရန်နှင့် အကြံဉာဏ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။"

အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့
အမှတ်၊ ၁၆၃/၁၆၇၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၂၃၈၅

နိုင်ငံတကာသတင်း

အကြမ်းဖက်မှုနှင့် ဆက်နွယ်သည့်အမျိုးသမီးများ ငြိမ်းချမ်းရေးဖော်ဆောင်ရန် ပြန်လွှတ်

အဘူဂျာ မေ ၂၂

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျိုနသန်က အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများနှင့် နီးနွယ်ဆက်စပ်သူ အမျိုးသမီးအားလုံးကို ဖမ်းဆီးထားရာမှ ပြန်လွှတ်ပေးရန် အမိန့်ထုတ်ပြန်ထားကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ယခုသမ္မတ၏ ဆုံးဖြတ်ချက်သည် နိုင်ဂျီးရီးယားနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးလမ်းစ ဖော်ဆောင်နိုင်ရေးအတွက် ရည်ရွယ်ကြောင်းလည်း ၄င်းက ဖြည့်စွက်ပြောကြားသည်။

နိုင်ဂျီးရီးယားနိုင်ငံအတွင်း ပြည်နယ်သုံးခု၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်း သမ္မတဂွတ်လပ်ဂျိုနသန်က အရေးပေါ်အခြေအနေကြေညာခဲ့သည်။ ယင်းပြည်နယ်သုံး ပြည်နယ်တွင် ပြီးခဲ့သည့် ရက်သတ္တပတ်က အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ဘိုကိုဟာရမ်အစ္စလာမ္မစ်အကြမ်းဖက်လက်နက်ကိုင်များအား စစ်တပ်က ထိုးစစ်ဆင်လျက်ရှိသည်။

ဘိုကိုဟာရမ်အဖွဲ့သည် အစ္စလာမ္မစ်နိုင်ငံတည်ထောင်ရေးအတွက် ၂၀၀၉ခုနှစ်မှ စတင်ကာ အုံကြွတိုက်ခိုက်မှုများ ဖန်တီးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားပဋိပက္ခများအတွင်း သေဆုံးသူ ၂၀၀၀ ကျော်ထက်မနည်းရှိခဲ့ပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

တာလီဘန်တို့ ငြိမ်းချမ်းရေးဆွေးနွေးရန် ပါကစ္စတန်ဝန်ကြီးချုပ် တိုက်တွန်းပြောကြား

အစ္စလမ္မာဘတ် မေ ၂၂

ရွေးချယ်တင်မြှောက်ခံရသော ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ဇ်ရှာရစ်ဖ်သည် တာလီဘန်စစ်သွေးကြွများအား ငြိမ်းချမ်းရေးဆွေးနွေးရန် တိုက်တွန်းပြောကြားခဲ့ကြောင်း မေ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်အစိုးရသည် တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အဆင်သင့်ရှိနေကြောင်း၊ ပါကစ္စတန်ရှိ တာလီဘန်တို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကမ်းလှမ်းချက်ကို အလေးအနက်လက်ခံသင့်ကြောင်း ရှာရစ်ဖ်က မေ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

လက်နက်ကိုင်တိုက်ခိုက်နေမှုဖြင့် ပြဿနာအားလုံးကို ဖြေရှင်း၍မရနိုင်ကြောင်း ရှာရစ်ဖ်က ပြောကြားသည်။ ပါကစ္စတန်မူဆလင်အဖွဲ့ချုပ်-နာဝပ်ဇ် (ပီအမ်အယ်လ်-အင်န်) ပါတီခေါင်းဆောင် ရှာရစ်ဖ်သည် မေ ၁၁ ရက်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများ၌ အနိုင်ရရှိခဲ့သည်။ **(ပရက်စ်တီဗွီ)**

မက္ကဆီကိုနိုင်ငံ အနောက်ပိုင်းပြည်နယ်သို့ လုံခြုံရေးတပ်ဖွဲ့ဝင် ထောင်နှင့်ချီဖြန့်ကြက်

မက္ကဆီကိုစီးတီး မေ ၂၂

မက္ကဆီကိုအစိုးရက နိုင်ငံအနောက်ပိုင်း မီချိုယာကန်ပြည်နယ်တွင် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် အကြမ်းဖက်မှုကို တိုက်ဖျက်နှိမ်နင်းရန် လုံခြုံရေးတပ်ဖွဲ့ဝင် ထောင်နှင့်ချီစေလွှတ်ဖြန့်ကြက်ခဲ့ကြောင်း မေ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

မက္ကဆီကိုကြည်းတပ်မှ တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်၊ မရိန်းတပ်ဖွဲ့ဝင် ၂၀၀၀ နှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ကို နိုင်ငံအနောက်ပိုင်း မီချိုယာကန်ပြည်နယ်သို့ မေ ၂၀ ရက်က စေလွှတ်ခဲ့ကြောင်း မက္ကဆီကိုကာကွယ်ရေးဝန်ကြီးဌာနနှင့် နီးစပ်သောသတင်းရင်းမြစ်များအရ သိရသည်။

ထွက်ပေါ်လာ

မက္ကဆီကိုအစိုးရသည် နိုင်ငံအနောက်ပိုင်းပြည်နယ်တွင် ရဲတပ်ဖွဲ့ဝင် ၁၀၀၀ ကို စေလွှတ်ခဲ့ပြီး သီတင်းတစ်ပတ်အကြာတွင် အဆိုပါတပ်ဖွဲ့ဝင်အသစ်ဖြန့်ကြက်ချထားမှုသတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

မီချိုယာကန်ပြည်နယ်သည် နိုင်ငံ၏အချို့တဲ့ဆုံးပြည်နယ်များအနက်မှ တစ်ခုဖြစ်ပြီး မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုအတွက် အဓိကအချက်အချာကျရာ နေရာတစ်ခုလည်းဖြစ်သည်။

အကြမ်းဖက်ဂိုဏ်းများသည် တောတောင်ထူထပ်သည့် နယ်မြေပေါ်တွင် တိုက်ခိုက်မှုများ အမြဲဖြစ်ပေါ်နေပြီး ယင်းနေရာ၌ ဘိန်းနှင့်ဆေးခြောက်ကဲ့သို့သော မူးယစ်ဆေးဝါးများကို ထုတ်လုပ်သယ်ယူရန် နေရာနှင့် လမ်းကြောင်းအဖြစ် လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

ဧပြီလအတွင်းက မီချိုယာကန်ပြည်နယ်တွင် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် တိုက်ပွဲများတွင် လူပေါင်း ၁၀ ဦး ထက်မနည်း သေဆုံးခဲ့သည်။ **(ပရက်စ်တီဗွီ)**

ကမ္ဘာသို့ပြန်ဆင်းလာသော ရုရှားအာကာသယာဉ် လိုက်ပါသွားသည့် သတ္တဝါများ သေဆုံးနေသည်ကို တွေ့ရှိ

မော်စကို မေ ၂၂

ရုရှားနိုင်ငံက လွှတ်တင်ခဲ့သော ကြွက်များနှင့် ပုတ်သင်များပါရှိသွားသည့်အာကာသယာဉ်သည် ကမ္ဘာမြေသို့ ပြန်လည်ဆင်းသက်ချိန်တွင် ထိုသတ္တဝါအများစုမှာ အာကာသခရီးစဉ်တွင် သေဆုံးသွားခဲ့သည်ကို တွေ့ရကြောင်း အာကာသရေးရာတာဝန်ရှိသူများက ပြောကြားသည်ဟု မီဒီယာများတွင် ဖော်ပြသည်။

ပို့ဆောင်ခဲ့

ရုရှားနိုင်ငံမှ လွှတ်တင်လိုက်သော Bion-M အာကာသယာဉ်ကို ကြွက် ၄၅ ကောင်၊ ရေပုတ်သင် ၁၅ ကောင်၊ ခရုပက်ကျိများ၊ ပုတ်သင်များနှင့်အပင်များဖြင့် အာကာသအတွင်း ပို့ဆောင်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်ခဲ့

ယင်းအာကာသခရီးစဉ်သည် အာကာသအတွင်း သက်ရှိဇီဝဖြစ်စဉ်များ၊ သွေးကြောစနစ်၊ ကြွက်သား၊ နှလုံးလုပ်ဆောင်ပုံတို့သည် ဆွဲငင်အားမဲ့ချိန်တွင် မည်သို့သက်ရောက်မှုရှိသည်ကို စမ်းသပ်ခဲ့သည့် ခရီးစဉ် ဖြစ်သည်။

ထို့အပြင် အင်္ဂါဂြိုဟ်သို့ လူလိုက်ပါသည့် အာကာသခရီးစဉ်စေလွှတ်မည့် စီမံကိန်းများလျာထားသော ရုရှားနိုင်ငံအတွက် အာကာသဇြဝအာဏာနယ်ပယ်တွင် ပြိုင်ဘက်ကင်းနိုင်ရေး ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။

တွေ့ရှိခဲ့ရ

အဆိုပါ Bion-M အာကာသယာဉ်သည် မေ ၁၉ ရက်က အိုရန်ဘတ်ချ်ဒေသတွင် အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ခဲ့သော်လည်း ပါရှိသွားသည့် သတ္တဝါများစွာတို့ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

လေဆင်နှာမောင်းဒဏ်ခံ အိုကလာဟိုးမား၌ ကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်

မိုးရဲ မေ ၂၂

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် အိုကလာဟိုးမားစီးတီး ဆင်ခြေဖုံးတောင်ပိုင်းတွင် မေ ၂၀ ရက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့မှုကြောင့် သေဆုံးဒဏ်ရာရရှိသူများနှင့် နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ သေဆုံးသူဦးရေ တိုးလာနိုင်ဖွယ်ရှိကြောင်း အိုကလာဟိုးမားပြည်နယ် အုပ်ချုပ်ရေးမှူး မာရီဖယ်လင်က မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လေဆင်နှာမောင်းဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများအတွင်းမှ ပိတ်မိနေသူအချို့နှင့် သေဆုံးနေသူအချို့ကို ကယ်ဆယ်ဆွဲထုတ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်း လေဆင်နှာမောင်းတိုက်ခတ်ရာလမ်းကြောင်းမှာ နှစ်မိုင်ခန့်ကျယ်ဝန်းပြီး အရှည်မှာ ၁၇ မိုင်ခန့်ရှိသည်ဟု အမေရိကန်အရာရှိများက ပြောကြားသည်။ မေ ၂၁ ရက်အထိ မိုးသက်လေပြင်းများနှင့်မိုးကြိုးပစ်ချမှုများရှိနေဆဲဖြစ်ပြီး အပျက်အစီးများအောက်မှ လူ ၁၀၀ ကျော်အား ကယ်ဆယ်နိုင်ခဲ့သည်။

ဆောင်ရွက်လျက်ရှိ

မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားကယ်ဆယ်ရေး အဖွဲ့များကလည်း ညလုံးပေါက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ဆင်ဟွာ)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

မြတ်အိမ်ငြွေကုမ္ပဏီများအုပ်စု၊ ဥက္ကဋ္ဌ ဦးမြတ်သူအား (၂၀၁၁-၂၀၁၂) ခုနှစ်အတွက် အကောင်းဆုံးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းရှင်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် "စိုက်ပျိုးထုတ်လုပ်မှုအကောင်းဆုံးလုပ်ငန်းရှင်"အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး မြန်မာနိုင်ငံနှင့် မိမိလူမျိုးအကျိုးကို သတက်ထမ်းပိုး သယ်ပိုးနိုင်သည့် အောင်မြင်သောလုပ်ငန်းရှင်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးဇော်လွင်ဦး(မန်နေဂျင်းဒါရိုက်တာ)
နေကြယ်ဦး ကုမ္ပဏီလုပ်ငန်းစု

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မလေးရှား ရွေးကောက်ပွဲအကြောင်း တစေ့တစောင်း

တက္ကသိုလ်ဆရာတစ်ဦး

ယမန်နေ့မှအဆက်

ပယ်မဲများကို တစ်စောင်ချင်း တံဆိပ်ထုပြီး မဲရုံမှူးက လက်မှတ်ရေးထိုးထားပါသည်။ ထို့နောက် မဲစာရေးနှစ်ဦးက ခိုင်လုံမဲများကို တစ်စောင်ချင်း ကြည့်ရှုကာ မဲရုံကိုယ်စားလှယ်များကိုပြသပြီး သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်း၏ ခွက်ထဲသို့ထည့်ပါသည်။ မဲလက်မှတ်တစ်စောင်ချင်းကို မဲစာရေးနှစ်ဦးက တစ်ဦးလျှင် တစ်ကြိမ်စီ - နှစ်ကြိမ် ပြသပြီးမှသာ မဲခွက်ထဲသို့ထည့်ခြင်းဖြစ်ပါသည်။ သို့သော် မဲရုံကိုယ်စားလှယ်များသည် ၎င်းတို့၏ စားပွဲ၌သာ ထိုင်နေရပါသည်။

စာရေးသူတို့ ကြည့်ရှုခဲ့သည့် မဲရုံတွင် မဲရုံမှူး၊ မဲစာရေး သုံးဦးနှင့် မဲရုံကိုယ်စားလှယ်နှစ်ဦး (ထိုမဲဆန္ဒနယ်တွင် ပါတီနှစ်ခုသာ ယှဉ်ပြိုင်သည်) မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မဲရုံထဲတွင် မရှိပါ။ ဝင်ပေါက် ထွက်ပေါက် တံခါးနှစ်ပေါက်စလုံးကို ပိတ်ထားပါသည်။ စာရေးသူတို့ အကဲခတ်သူအားလုံး ပြတင်းပေါက်မှ ကြည့်ရှုရခြင်းဖြစ်ပါသည်။ ဓာတ်ပုံကိုတော့ ရိုက်ခွင့်ပေးပါသည်။ ညနေ ၅ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် Polling Center ပရဝဏ်ထိပ်မှ နေ၍ လမ်းပိတ်ထားပြီး ရဲများ စောင့်ကြပ်နေပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ Polling Center ပရဝဏ်အတွင်းသို့ ဝင်ခွင့်မပြုပါ။ ကျောင်းဝင်ပေါက်တွင်လည်း ကြီးကြပ်ရေးမှူးနှင့် ရဲများ စောင့်ကြပ်လျက်ရှိသည်မှာ မဲရုံဖွင့်သည်မှ မဲများ ရေတွက်ပြီးစီးချိန်အထိဖြစ်ပါသည်။ ထို့ကြောင့် မဲရုံမှ မဲရုံမှူးနှင့် မဲစာရေးများသည် ဆန္ဒမဲများကို အေးဆေးတည်ငြိမ်စွာ ရေတွက်နိုင်သည်ကို မြင်တွေ့ခဲ့ရပါသည်။

မဲများ ရေတွက်ပြီးသည့်အခါ သတ်မှတ်ထားသည့် ပုံစံများတွင် ရေးသားဖြည့်သွင်းပြီး မဲလက်မှတ်များမှစ၍ စာရင်းစာရွက်များ၊ ဆန္ဒပြုခန်းများ၊ မဲခွက် (ဆန္ဒပြုခန်းများနှင့် မဲခွက်များသည် အလွယ်တကူ ခေါက်၍ရသည်) စသည်များအားလုံးကို ကော်မရှင်က ပေးအပ်ထားသည့် ပလတ်စတစ်အိတ်အဝါကြီးတွင်ထည့်ပြီး မဲရုံမှူးကိုယ်တိုင် မဲစာရင်းများစုစည်းသည့်ဌာနသို့ သွားရောက်ပို့ဆောင်ရပါသည်။

မဲများကို ရေတွက်ပြီးသည့်နောက် ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်နှစ်ဦး (ပထမ မဲအများဆုံးရသူနှင့် ဒုတိယ မဲအများဆုံးရသူ) ဆန္ဒမဲ ကွာခြားမှုသည် လေးရာခိုင်နှုန်းနှင့် အောက်တွင်ရှိပါက ပြန်လည်ရေတွက် (Recount) ခွင့်ပြုထားကြောင်း၊ သို့သော် မဲရုံ၌သာ ပြန်လည်ရေတွက်ခွင့်ရှိကြောင်း သိခဲ့ရပါသည်။

မဲစာရင်းများ စုစည်းခြင်း

မဲရုံများမှ ရေတွက်ပြီးစီးသည့် မဲစာရင်းများကို မဲဆန္ဒနယ်တစ်နယ်တွင် ဌာနတစ်ခုကျစီ ဖွင့်လှစ်ထားရှိသည့် "Talling Center" - "မဲစာရင်းများစုစည်းသည့်ဌာန" တွင် စုစည်းပါသည်။ ဤဌာနများကို စုဝေးခန်းမများနှင့် အားကစားရုံများတွင် ပြုလုပ်လေ့ရှိပါသည်။ မဲစာရင်းများကို Returning Officer တစ်ဦးနှင့် Assistant Returning Officer နှစ်ဦးက ကြီးကြပ်ပြီး ဒေသဆိုင်ရာကော်မရှင်ရုံးမှ ဝန်ထမ်းများ၏ အကူအညီဖြင့် စုစည်းခြင်းဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်းအသီးသီးရရှိသည့် ဆန္ဒမဲအရေအတွက်ကို မဲရုံများအလိုက် လူအများကြည့်ရှုနိုင်ရန် Screen ကြီးများပေါ်တွင် တစ်ခါတည်းပြသပါသည်။ ရွေးကောက်ပွဲရလဒ်များကိုလည်း ယင်းဌာန၌ပင် Returning Officer က တစ်ခါတည်း ကြေညာပေးပါသည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသော ပါတီအသီးသီးမှ ကိုယ်စားလှယ်များ လာရောက်ကြည့်ရှုနေကြသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ထို့အပြင် ဆန္ဒမဲလက်မှတ်များနှင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရွေးကောက်ပွဲကန့်ကွက်မှုများ မရှိပါက ရွေးကောက်ပွဲရလဒ်များကို အစိုးရပြန်တမ်းတွင် ရိုက်နှိပ်ဖော်ပြပြီးနောက် ၂၁ ရက်ကျော်လျှင် ရှင်းလင်းပစ် (Disposel)ကြောင်း၊ ရွေးကောက်ပွဲ ကန့်ကွက်မှုများရှိသည့် မဲဆန္ဒနယ်များအတွက်မူ ကန့်ကွက်မှုများကို စစ်ဆေးပြီးစီးသည့် နောက်မှသာ ရှင်းလင်းပစ်ကြောင်း သိခဲ့ရပါသည်။

ရွေးကောက်ပွဲရလဒ်များ ကြေညာခြင်း

ယခု ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲတွင် သာမန်မဲဆန္ဒရှင် (Ordinary Voters)- ၁၂၉၉၂၆၆၀ဦး ကြိုတင်မဲဆန္ဒရှင် (Advance Voters)- ၂၇၂၃၈၇ဦး နှင့် စာတိုက်မှ ဆန္ဒပြုသည့် မဲဆန္ဒရှင် (Postal Voters) - ၂၉၅၄ ဦး မဲဆန္ဒရှင်စုစုပေါင်း -၁၃၂၆၈၀၀၂ဦး ရှိသည့်အနက် ဆန္ဒမဲပေးသူပေါင်း ၁၁၀၅၄၅၇၇ဦး ရှိသဖြင့် မဲပေးမှု ရာခိုင်နှုန်း ၈၃ ဒသမ ၃ရာခိုင်နှုန်း ရှိကြောင်း၊ မလေးရှားတွင် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများအနက် မဲပေးမှုရာခိုင်နှုန်း အများဆုံးဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ယခင် ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲများအနက် ၁၉၈၆ ခုနှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲသည် မဲပေးမှုရာခိုင်နှုန်း ၆၉ ဒသမ ၉၇ အနည်းဆုံးဖြစ်ပြီး ၂၀၀၈ ခုနှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲသည် မဲပေးမှုရာခိုင်နှုန်း ၇၆ ဒသမ ၀၄ရာခိုင်နှုန်းရှိပြီး အများဆုံးဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ပါလီမန်မဲဆန္ဒနယ်များတွင် ၁၃ ပါတီ ပူးပေါင်းထားသော Barisan Nasional (BN) ညွန့်ပေါင်းအဖွဲ့က ၁၃၃ နေရာတွင် အနိုင်ရရှိပြီး သုံးပါတီပူးပေါင်းထားသော Pakatan Rakyat (PR) ညွန့်ပေါင်းအဖွဲ့က ၈၉ နေရာတွင် အနိုင်ရရှိခဲ့ကြပါသည်။ ပြည်နယ်မဲဆန္ဒနယ်များတွင်လည်း BN ညွန့်ပေါင်းအဖွဲ့က ၂၇၅နေရာ အနိုင်ရရှိပြီး PR ညွန့်ပေါင်းအဖွဲ့မှ ပါတီများက နေရာ၂၃၀ တွင် အနိုင်ရရှိခဲ့ကြပါသည်။ ပါလီမန်တွင် ကိုယ်စားလှယ်အများဆုံးရရှိခဲ့ကြသော ပါတီများမှာ - BN ညွန့်ပေါင်းအဖွဲ့မှ United Malays National Organization - ၈၈ နေရာ၊ United Traditional Bumiputera Party - ၁၄နေရာ၊ Malaysian Chinese Association - ခုနစ်နေရာ၊ Sarawak People's Party - ခြောက်နေရာ၊ PR ညွန့်ပေါင်းအဖွဲ့မှ Democratic Action Party ၃၈နေရာ၊ People's Justice Party - နေရာ ၃၀၊ Pan-Malaysian Islamic Party - ၂၁နေရာ အသီးသီးဖြစ်ကြပါသည်။ BN ညွန့်ပေါင်းအဖွဲ့က ပါလီမန်တွင် ၁၃၃ နေရာရရှိပြီး အစိုးရဖွဲ့နိုင်ခဲ့သော်လည်း ဆန္ဒမဲရရှိမှုသည် ၄၇ ဒသမ ၃၈ရာခိုင်နှုန်းသာရှိပြီး PR ညွန့်ပေါင်းအဖွဲ့က ဆန္ဒမဲရရှိမှုသည် ၅၀ ဒသမ ၈၇ရာခိုင်နှုန်းရှိပါသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရရှိမှုစုစုပေါင်းသည် ၁ ဒသမ ၇၅ ရာခိုင်နှုန်းရှိပါသည်။

ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ ရွေးကောက်ပွဲအသုံးစရိတ်များကို ရွေးကောက်ပွဲရလဒ်များ ကြေညာပြီး ၃၁ ရက်အတွင်း ကော်မရှင်သို့ တင်သွင်းရပါသည်။ ရွေးကောက်ပွဲအသုံးစရိတ်များကို ပါလီမန်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ရင်းဂစ် ၂၀၀၀၀၀ (မြန်မာငွေကျပ် ၅၄ ဒသမ ၄ သန်း)နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအတွက် ရင်းဂစ် ၁၀၀၀၀၀ မြန်မာငွေကျပ် ၂၇ ဒသမ ၂ သန်း သတ်မှတ်ထားပါသည်။

ရွေးကောက်ပွဲ ကန့်ကွက်မှုများ

ရွေးကောက်ပွဲနှင့် ပတ်သက်၍ မကျေနပ်မှုများရှိပါက ရွေးကောက်ပွဲကန့်ကွက်လွှာများ (Election Petition)ကို ကော်မရှင်သို့ ၂၁ ရက်အတွင်း တင်ပြတိုင်ကြားနိုင်ပါသည်။ ယင်းအမှုများကို High Court (တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်)က ခြောက်လအတွင်းပြီးအောင် စစ်ဆေးရပါသည်။ High Court ၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက Federal Court (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)သို့ အယူခံဝင်နိုင်ပါသည်။ Federal Court ကလည်း ခြောက်လအတွင်း ပြီးအောင် စစ်ဆေးရပါသည်။ အဆိုပါတရားရုံးများ၏ ဆုံးဖြတ်ချက်များကို ကော်မရှင်က ၁၄ရက်အတွင်း ကြေညာချက် ထုတ်ပြန်ပေးရပါသည်။ အကယ်၍ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသည့် ကိုယ်စားလှယ်လောင်း ရှုံးနိမ့်ပါက ကော်မရှင်အနေဖြင့် ရက်ပေါင်း ၆၀ အတွင်း ထိုမဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပ (Re-Election)ပေးရပါသည်။

ကော်မရှင်၏ ရွေးကောက်ပွဲ အသုံးစရိတ်

ယခုကျင်းပပြီးစီးခဲ့သည့် မလေးရှားနိုင်ငံ၏ (၁၃)ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ၌ ရွေးကောက်ပွဲကော်မရှင်သည် ငွေပေါင်း မလေးရှားရင်းဂစ်သန်း ၄၀၀ မြန်မာငွေကျပ် ၁၀၈ ဒသမ ၈ ဘီလီယံခန့် သုံးစွဲခဲ့ကြောင်း သိခဲ့ရပါသည်။

နိဂုံးချုပ်အနေဖြင့် စာရေးသူသည် မလေးရှားနိုင်ငံ၏ (၁၃)ကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ကျင်းပပုံကို အကဲခတ်ခွင့်ရရှိခဲ့သဖြင့် ရွေးကောက်ပွဲမှ အတွေ့အကြုံအသစ်အဆန်းများကို တွေ့မြင်ခဲ့ရသည့်အပြင် ကော်မရှင်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ၊ ကြီးကြပ်သူများ၊ မဲရုံမှူးများ၊ မဲစာရေးများ၊ ကော်မရှင်ဝန်ထမ်းများနှင့် ရဲဝန်ထမ်းများအားလုံး မိမိတို့ကျရာတာဝန်အသီးသီးကို အေးဆေးတည်ငြိမ်စွာဖြင့် ဆောင်ရွက်နေပုံများကို မြင်တွေ့ရသည်မှာ အလွန်ပင်အားရမိပါသည်။ မဲဆန္ဒရှင်များသည်လည်း စည်းကမ်းတကျ မဲထည့်နေကြသည်ကို မြင်တွေ့ခဲ့ရပါသည်။ ကော်မရှင်များ၊ မဲရုံ၌ တာဝန်ရှိသူများ၊ ရဲများ၊ မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မီဒီယာများအားလုံး ညီညွတ်စွာပူးပေါင်းကြပြီး ဝိုင်းဝန်းဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ခုကို အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်သည်ကို ပိုမိုလက်ခံ ယုံကြည်မိပါသည်။

ရှမ်းပြည်သူများအတွက် စက္ကူဒါနအလှူ

မူဆယ် မေ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်း မျက်စိဝေဒနာနှင့်ပတ်သက်သော အခမဲ့ရောဂါရှာဖွေရေး၊ အခမဲ့ခွဲစိတ်ကုသခြင်း ဝန်ဆောင်မှုကို ကျန်းမာရေးဦးစီးဌာနနှင့် New Star Light ဆောက်လုပ်ရေးကုမ္ပဏီ၊ Cherry မေတ္တာဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မေ ၁၉ ရက်နံနက်က မူဆယ်မြို့ ရွှေသမင်ကျောင်းတိုက်အတွင်း ကျွမ်းကျင်ပါရဂူဆရာဝန်များက မျက်စိဝေဒနာရှင် ၁၅၀၀ ကို အခမဲ့စမ်းသပ်ပေးခြင်း၊ ကုသပေးခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်းတို့ကို မေ ၁၉ရက် မှ ၂၃ရက်အထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လာရောက်ကုသမှု ခံယူသော ဒေသခံပြည်သူများကို မေ ၂၀ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းကျော်အုန်း၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးနှင့် ဦးကိန်မိုင်၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့်အဖွဲ့၊ ဝန်ဆောင်မှု အလှူရှင် ကုမ္ပဏီနှင့် ချယ်ရီမေတ္တာတို့မှ တာဝန်ရှိသူများက သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပိုင်ရှင်မဲ့နွားများ ဖမ်းဆီးရမိ

ပဲခူး မေ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးစံပြကျေးရွာ စက်မှုလက်ယာရပ်ကွက် ဘောလုံးကွင်းအနီး၌ မေ ၂၀ရက် နံနက် ၁၁နာရီခွဲက မော်တော်ယာဉ်နှစ်စီးမှ ပိုင်ရှင်မဲ့နွားများ လာရောက်ချထားကြောင်း သတင်းရရှိသဖြင့် ဘုရားကြီးရဲစခန်းမှ တာဝန်မှူးရဲအုပ်ဇော်ဟိဏ်းယုနှင့် နယ်ထိန်းအဖွဲ့က သွားရောက် စစ်ဆေးရာ ပိုင်ရှင်မဲ့နွားထီး ၅၆ကောင်ကို တွေ့ရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန့်စင်**

သတင်းဆောင်းပါးနှင့်ပြည်တွင်းသတင်း

ရွက်သစ်ဝေချိန်နှင့်အတူ နှလုံးရွှင်ပြုံး ပီတိဖုံးစေမည့် နေပြည်တော် သတ္တဌာနဆီသို့(၄)

စေတနာမောင်

(ယမန်နေ့မှအဆက်)

နေပြည်တော်၌ မဟာဗောဓိစေတီတော်အပါအဝင် သတ္တဌာနတို့ကို ကြည်ညိုဖွယ်တည်ဆောက်ထားမှုနှင့် သတ္တဌာနအကြောင်း သိကောင်းစရာများကို ဗဟုသုတဖြစ်ဖွယ် ဆက်လက်တင်ပြလိုက်ရပါသည်။

ဦးထွန်းထွန်း (ဒါရိုက်တာ၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်)

မေး။ ကုမ္ပဏီအနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့ရတဲ့အပိုင်းကို သိပါရစေ။

ဖြေ။ မုစလိန္ဒာအိုင်ကို တည်ဆောက်စဉ်တုန်းက အလျား၊ အနံအကုန်တိုင်း ထွာခဲ့ပါတယ်။ အလျားအနေနဲ့ ပေ ၂၄၀၊ အနံ ၂၀၅ ပေနဲ့ တည်ဆောက်ခဲ့ပါတယ်။ ရေအနက်ကတော့ နှစ်ပေနဲ့ ခြောက်လက်မ လုပ်ထားပါတယ်။ နဂိုရှိတဲ့ ရေအနက်အတိုင်းတော့မလုပ်တော့ပါဘူး။ နည်းနည်းတိမ်ထားပေး

သတ္တသတ္တာဟဖြစ်သည့် လင်းလွန်းပင် စိုက်ပျိုးထားသည့် နေရာကို တွေ့ရစဉ်။

ပါတယ်။

မေး။ လုပ်ငန်းနဲ့ပတ်သက်ပြီး ဘယ်လို စီမံဆောင်ရွက်ခဲ့ပါသလဲ။

ဖြေ။ ဆရာဦးအုန်းခိုင်က ဒီဇိုင်းထုတ်ပြီးတော့ ဒီကန်ကို အင်္ဂတေမခင်းဘဲနဲ့ ဘန်ဒိုမက်ခင်းခဲ့ပါတယ်။ ဘန်ဒိုမက်က အောက်ကရေကို အပေါ်ကိုမတက်အောင်နဲ့ ကန်ထဲမှာရှိတဲ့ရေကိုလည်း အပြင်ကို ထွက်မသွားအောင်တားဆီးပေးပါတယ်။ ဒါကြောင့် အောက်ခြေဟာ သဲခင်းပြီးတော့ ဘန်ဒိုမက်ခင်းပြီး အဲဒီအပေါ်မှာ ကျောက်လွှာကျောက်စရစ်ခဲတွေဖိပြီး လုပ်ထားတာဖြစ်ပါတယ်။ အောက်ခြေမှာ အင်္ဂတေ မသုံးခဲ့ပါဘူး။ ရေအဝင်အထွက်ကိုတော့ ကန်ထဲကနေပြီးတော့ ရေစုပ်စက်နဲ့ စုပ်ပြီးထည့်ပါတယ်။ အနည်းဆုံးသတ်မှတ်ထားတဲ့ Level ထိအောင်ရောက်ပြီး လျှံလာလို့ရှိရင်လည်း ထွက်တဲ့ပိုက်ကိုလည်း စီစဉ်ထားပါတယ်။ ဆည်ထဲကနေပြီး ရေစုပ်ထည့်ပြီးတော့ ဆည်ထဲကိုပဲ ရေပြန်ထွက်စေပါတယ်။ ရေတကယ်လို့ ညစ်ပတ်သွားခဲ့ရင်လည်း လှယ်ဖို့ ကြိုတင်စီစဉ်ထားပါတယ်။ အဝင်အထွက်အတွက် စက်တွေ အကုန်လုံးစီစဉ်ထားပါတယ်။ ရေကြည်အောင်၊ ရေညှိမတက်အောင် ငါးလုပ်ငန်းဦးစီးဌာနနဲ့ တိုင်ပင်ပြီးတော့ လုပ်ပေးထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကန်ဟာ ကြည်လင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

မေး။ တည်ဆောက်ချိန် ဘယ်လောက် ကြာမြင့်ခဲ့ပါသလဲခင်ဗျာ။

ဖြေ။ မုစလိန္ဒာအိုင်ကို ၁-၁၂-၂၀၁၁ ခုနှစ်မှာ စတင်ပြီးတော့ တည်ဆောက်ခဲ့ပါတယ်။ ၂၉-၄-၂၀၁၂ မှာပြီးခဲ့ပါတယ်။ မုစလိန္ဒာအိုင်နဲ့ပတ်သက်ပြီးတော့ လုပ်ဆောင်ခဲ့တာ ငါးလကြာခဲ့ပါတယ်။

ဦးသူရ (ဦးစီးအရာရှိ၊ သာသနာရေးဦးစီးဌာန)

မေး။ နေပြည်တော်မှာ တရားစခန်းနဲ့ သတ္တသတ္တာဟ တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဖြေ။ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းမိသားစုတွေအားလုံး၊ နေပြည်တော်မှာ နေထိုင်ကြတဲ့ မိသားစုတွေအကုန်လုံး ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူတဲ့ ဝိပဿနာကျင့်စဉ်တွေကို နေပြည်တော်မှာပဲ ကျင့်ကြံလို့ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ တရားစခန်းကြီးကို တည်ဆောက်ခဲ့ပါတယ်။ ဒီတရားစခန်းကြီးကိုပဲ ကျွန်တော်တို့ ဖွင့်လှစ်ခဲ့တာဆိုရင် နှစ်အားဖြင့် နှစ်နှစ် ရှိခဲ့ပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ နေထိုင်ကြတဲ့လူတွေဟာ အများစုက အိန္ဒိယနိုင်ငံကိုသွားပြီးတော့ သံဝေဇနီယလေးဌာနကို သွားရောက်ဖူးမြော်ဖို့ဆိုတာ အခြေအနေပေးဖို့ အတော်ကိုခက်ခဲပါတယ်။ မသွားရောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ မြန်မာပြည်တွင်းမှာပဲ လွယ်လွယ်ကူကူ ဖူးမြော်ကြည်ညိုနိုင်ဖို့ နိုင်ငံတစ်ဝန်း မှီတင်းနေထိုင်ကြတဲ့ မိသားစုများ ဘေးအန္တရာယ်အနှောင့်အယှက်ကင်းရှင်းစေဖို့နဲ့ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ အားလုံးသော ရဟန်းရှင်လူပြည်သူအများ ကုသိုလ်သဒ္ဓါတရား တိုးပွားနိုင်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ဆောက်ပူဇော်ခဲ့ခြင်းဖြစ်ပါတယ်။

မေး။ သတ္တဌာနနဲ့ပတ်သက်ပြီး ဗဟုသုတဖြစ်ဖွယ် ရှင်းပြပေးပါခင်ဗျာ။

ဖြေ။ မြတ်စွာဘုရားက မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ မိုးသောက်ယံအချိန်မှာ ဘုရားဖြစ်တော်မူခဲ့ပါတယ်။ ဘုရားဖြစ်တော်မူတဲ့အခါကျတော့ ဘုရားဖြစ်တဲ့ မဟာဗောဓိပင်နဲ့ ရွှေပလ္လင်မှာပဲ ခုနစ်ရက်စံတော်မူပါတယ်။ အဲဒါ ပထမသတ္တာဟ ပလ္လင်္ကသတ္တာဟလို့ သမုတ်ဆိုကြပါတယ်။ အခုခေါ်တာကတော့ ဗောဓိသတ္တာဟလို့လည်း ခေါ်ဆိုသမုတ်ပူဇော်ကြပါတယ်။

ဒုတိယသတ္တာဟကတော့ ဘုရားရှင်က ဗောဓိပင်မှာ ခုနစ်ရက် သီတင်းသုံးပြီးတဲ့အခါမှာ ဗောဓိပင်ရဲ့ အရှေ့မြောက်အရပ်မှာ သဗ္ဗညုတဉာဏ်ရတော်မူခဲ့တဲ့ မဟာဗောဓိပင်ကို အရှေ့မြောက်အရပ်ကနေပြီးတော့၊ ဗောဓိပင်ကို မျက်နှာမူပြီးတော့ မမှိတ်မသုန် ကြည့်ရှုတော်မူခဲ့ပါတယ်။ ခုနစ်ရက်လုံးလုံး မတ်တတ်ရပ်ပြီးတော့ မမှိတ်မသုန်ကြည့်ရှုခဲ့တဲ့ ခုနစ်ရက်ကိုတော့ အနိမိသသတ္တာဟ အနိမိသစေတီလို့ ခေါ်ပါတယ်။

တတိယမြောက် ရတနာစင်္ကမ သတ္တာဟကျတော့ နတ်ဗြဟ္မာတွေ ဖန်ဆင်းတဲ့ အတောင်ခြောက်ဆယ် ရှည်လျားတဲ့ ရတနာစင်္ကြံဖြစ်ပါတယ်။ ကျမ်းဂန်တော်များအဆိုအရ ရတနာစင်္ကြံတော်၊ အဇပါလ ဆိတ်ကျောင်းညောင်ပင်နဲ့ မုစလိန္ဒာအိုင်တို့ဆိုတာ ဗောဓိပင်ကြီးရဲ့ အများကြီးဝေးတဲ့အရပ်မှာ၊ အခုသတ်မှတ်တဲ့ အရပ်မှာ မဟုတ်ပါဘူး၊ အများကြီးဝေးတဲ့အရပ်မှာ တည်ရှိခဲ့ပါတယ်၊ သာသနာနှစ် ၂၃၅ ခုနှစ်မှာ တတိယသင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီးက ပူဇော်တဲ့အခါကျတော့ ခုနစ်ဌာနကို နေရာကျဉ်းကျဉ်းလေးမှာပဲ အားလုံးပူဇော်နိုင်ပြီးတော့ ကုသိုလ်တွေ ပွားများနိုင်အောင်လို့ဆိုပြီး သူလည်းပဲ အမှတ်အသား (Marking)အနေနဲ့ အဆင်သင့်သလို သတ်မှတ်ပြီး ပူဇော်ခဲ့တာပါ။ အခု ကျွန်တော်တို့ကတော့ ဒါကိုပဲ စံယူပြီး ပူဇော်တဲ့အတွက်ကြောင့် ရတနာစင်္ကြံကတော့ ဗောဓိပင်ရဲ့အနီးအနားမှာပဲ ကြာပွင့်တွေနဲ့ ဗုဒ္ဓဂယာမှာရှိတဲ့အတိုင်း ပူဇော်ထားပါတယ်။ ဟိုမှာက ကြာပွင့်တွေရဲ့အကွာအဝေးဆိုလို့ရှိရင် ကျွန်တော်တို့လေ့လာလိုက်တဲ့အခါမှာ ဒီကြာပွင့်တန်းကြီးဟာ အင်္ဂလိပ်ယာ မျက်စိနဲ့ကြည့်ရင် တစ်ခုနဲ့တစ်ခုဟာ ဟိုဘက်ကျတော့ သုံး၊ လေးပေလောက် ကွာနေတယ်၊ ဒီဘက်မှာကျတော့ နှစ်ပေ၊ သုံးပေလောက်၊ တကယ်တော့ အချိုးမညီပါဘူး။ အခုဒီမှာ ကျွန်တော်တို့တည်ဆောက်တဲ့ အင်ဂျင်နီယာတွေကတော့ အချိုးညီ တည်ဆောက်ထားတာကို တွေ့ရှိရပါတယ်။

စတုတ္ထသတ္တာဟကတော့ ဘုရားရှင်ကိုယ်တော်မြတ်က လေးခုမြောက် ခုနစ်ရက် ရောက်တဲ့အခါကျတော့ ရတနာအိမ်တော်မှာ အဘိဓမ္မာ ခုနစ်ကျမ်း ဆင်ခြင်သုံးသပ်တော်မူပါတယ်။ အင်မတန်သိမ်မွေ့ ခက်ခဲနက်နဲကြီးကျယ်လှတဲ့ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်တဲ့အခါမှာ သဗ္ဗညုတဉာဏ်နဲ့ နက်နဲတဲ့ ပဋ္ဌာန်းတရားက အလိုအလျောက် အဆင်သင့်ဖြစ်ပြီးတော့ အသွေးအသားတွေ ကြည်လင်လာလို့ စတုတ္ထမြောက်ဖြစ်တဲ့ ရတနဃရ သတ္တာဟကျတော့ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလာပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့က ဒီမှာကျတော့ ကြည်ညိုစဖွယ်နဲ့ တည်ဆောက်ပူဇော်ထားပါတယ်။

ပဉ္စမသတ္တာဟက ဆိတ်ကျောင်းညောင်ပင်ပါ၊ အိန္ဒိယနိုင်ငံမှာ Marking နဲ့ ကျောက်တိုင်လေး တစ်ခုစိုက်ထားပါတယ်။ ဆိတ်ကျောင်းညောင်ပင်ဟာ ဗောဓိပင်နဲ့ အလွန်ကွာဝေးတဲ့အရှေ့အရပ်မှာ ရှိတာပါ။ ဒါပေမယ့် မဟာဗောဓိစေတီကိုလာရောက်ဖူးမြော်တဲ့ သူတော်စင်တွေ ဒီအဇပါလသတ္တာဟကိုပါ ပူဇော်နိုင်အောင် အသောကမင်းကြီးက ဒီမဟာဗောဓိအနီးအနားမှာ ဆိတ်ကျောင်းညောင်ပင်ကို ပူဇော်ခဲ့သလို ကျွန်တော်တို့ကလည်း ဒီအနီးအနားမှာပဲ အလားတူပူဇော်ခဲ့ပါတယ်။ အဲဒီလိုပူဇော်တဲ့အခါ ထူးခြားချက်က ကျွန်တော်တို့က ညောင်ပင်ကိုလည်း စိုက်ပျိုးပြီးတော့ ပူဇော်ထားတဲ့အတွက် ပူဇော်မှုက ပိုပြီးသပ္ပာယ်ပါတယ်။

မြတ်စွာဘုရားက ဆဋ္ဌသတ္တာဟ ခြောက်ကြိမ်မြောက်တဲ့ ခုနစ်ရက်ရောက်တဲ့အခါကျတော့ မိုးဦးကာလရောက်လာပါပြီ၊ မိုးတွေလည်းရွာပြီ။ ဘုရားရှင် သီတင်းသုံးတဲ့အခါကျတော့ မုစလိန္ဒာအိုင်မှာနေတဲ့နဂါးက စဉ်းစားပြီး မိုးပြင်းလေပြင်းတွေကျလာပြီ၊ ဘုရားရှင်တော့ မိုးဒဏ်လေဒဏ်တွေသင့်တော့မှာပဲ၊ ဘုရားကိုပူဇော်မယ်ဆိုပြီး ဘုရားရှင်ကို အခွေခုနစ်ခွေရစ်ပတ်ပြီးတော့ အပေါ်ကခေါင်းအုပ်အနေနဲ့ ပါးပျဉ်းမိုးအုပ်ပြီးပူဇော်ထားတာပါ။ ဘုရားရှင်ဟာ ခုနစ်ရက်လုံးလုံး နဂါးမင်းဖန်တီးထားတဲ့ နဂါးရဲ့ ကျောင်းတော်ကြီးမှာ သီတင်းသုံးတာပါ။ ကျွန်တော်တို့ကတော့ မြန်မာမှုတွေနဲ့လုပ်တဲ့အခါကျတော့ နဂါးရုပ်ကြီးကနေပြီးတော့ ဒီအတိုင်းချည်းသဘာဝဆိုရင် ဘုရားက နဂါးထဲကို ပူဇော်လို့မရတဲ့အတွက်ကြောင့်မို့ ခုနစ်ခွေပေါ်မှာ ဘုရားရဲ့ရုပ်ပွားတော်ကို တည်လိုက်ပါတယ်။ ပြီးတော့အပေါ်ကနေ ပါးပျဉ်းမိုးတဲ့ပုံသဏ္ဍာန်နဲ့ ဘုရားကို မိုးထားပါတယ်။ ဒါအားလုံးသိရှိကြည်ညိုပြီးဖြစ်ပါတယ်။ ကျွန်တော်အထူးတင်ပြလိုတာကတော့ အိန္ဒိယ

မဟာဗောဓိစေတီတော် ဂန္ဓကုဋီအတွင်း မြန်မာမှုအနုလက်ရာများနှင့်အတူ မြတ်စွာဘုရား၏ မျက်နှာတော်တွင် ရွှေစင်သွန်းလောင်းထားသည့် ကြေးဆင်းတုတော်ကြီးအား ဖူးတွေ့ရစဉ်။

နိုင်ငံမှာ မုစလိန္ဒာရေအိုင်က ဗောဓိပင်နဲ့ တော်တော်အလှမ်းကွာပါတယ်။ ကွာတဲ့အခါကျတော့ ဆရာဦးဝင်းဇော်ပြောပြပါတယ်။ မြန်မာနိုင်ငံက ဆရာကြီးဦးဟန်တင်တို့ပဲ တည်ဆောက်ခဲ့တာပါ။

ဒီဆရာကြီးက ဗောဓိပင်နဲ့လည်း ဝေးတဲ့အတွက်ကြောင့်၊ ဘုရားလည်း သီးသန့်ဖြစ်တဲ့အတွက်ကြောင့်မို့ မထူးပါဘူး၊ ဘုရားလည်း အဆင်ပြေအောင်၊ ဗောဓိပင်က ပုဂ္ဂိုလ်တွေလည်းလှမ်းပြီး ပူဇော်လို့ရအောင်ဆိုပြီး မြတ်စွာဘုရားကို ဗောဓိပင်ဘက်မျက်နှာမူထားပါတယ်။ ဒါဒေသနာတော်အရ မှားပါတယ်။ ဘုရားရှင်ဟာ အရှေ့အရပ်ကို မျက်နှာမူပြီး သီတင်းသုံးစံတော်မူတဲ့ အထောက်အထားအရ ဒီမှာကျတော့ ဆရာတော်ဘုရားကြီးရော၊ အင်ဂျင်နီယာအဖွဲ့ကော အမှန်အတိုင်းလုပ်ရင် ပိုကောင်းမယ်။ အမှန်တရားကို မြန်မာနိုင်ငံဗုဒ္ဓဘာသာသူတော်စင်တွေလည်း သိရှိကြည်ညိုရအောင် အရှေ့ဘက်လှည့်ပြီး တည်ဆောက်ပူဇော်ထားပါတယ်။ အင်ဂျင်နီယာ ရွှေတောင်အဖွဲ့က ဘာဖြစ်သွားသလဲဆိုတော့ ကန်တော်ကြီးမှာ အိန္ဒိယနိုင်ငံမှာရှိတဲ့ တန်ဆောင်းက ဗောဓိပင်ရဲ့မြောက်ဘက်မှာပဲတစ်ခုတည်းရှိတယ်။ အခု ကျွန်တော်တို့က အရှေ့ဘက်လှည့်တော့ အရှေ့ဘက်ကိုလည်း ပူဇော်လို့ရအောင် လုပ်ရတဲ့အတွက်ကြောင့် အာရုံခံနှစ်ခုတည်ဆောက်ရပါတယ်။

လင်းလွန်းပင်မှာ သီတင်းသုံးတဲ့ ဘုရားရှင်ကို ဥက္ကလာတိုင်း ပေါက္ခရဝတီမြို့က တပုဿနဲ့ဘလ္လိကကုန်သည် ညီနောင်တို့က ဘုရားရှင်ကို သွားရောက်ပြီးတော့ ၄၉ ရက်မြောက်တဲ့နေ့မှာ သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ဘုရားရှင်ကို မုန့်ကြွပ်ကျစ်နဲ့ ပျားမုန့်ဆုပ်တွေ ကပ်ခဲ့ပါတယ်။ တပည့်တော်တို့ အရှည်သဖြင့်ပူဇော်ရန်အလို့ငှာ ချီးမြှောက်တော်မူပါဘုရားဆိုပြီးလျှောက်တော့ ဘုရားရှင်က လက်တော်နဲ့ ဦးခေါင်းတော်ကို သုံးသပ်ပြီး ပါလာတဲ့ဆံတော်တွေကို ချီးမြှင့်လိုက်လို့ တပုဿနဲ့ဘလ္လိကကုန်သည်ညီနောင်တို့က သူတို့ရဲ့ဇာတိရပ်ရွာကို ပြန်ရောက်တဲ့အခါ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဒါဟာ အခုရန်ကုန်မြို့မှာရှိတဲ့ သိင်္ဂုတ္တရကုန်းတော် ရွှေတောင်ကြီးပေါ်မှာတည်ရှိနေတဲ့ ရွှေတိဂုံစေတီတော်ကြီးဖြစ်ပါတယ်။ ရွှေတိဂုံစေတီနဲ့ပုံစံတူ နေပြည်တော်မှာ ဥပ္ပါတသန္တိစေတီကြီး တည်ခဲ့ပါတယ်။ အလားတူ လင်းလွန်းပင်နဲ့ဆက်စပ်တဲ့ ရွှေတိဂုံ၊ ဥပ္ပါတသန္တိမှသည် အခု နေပြည်တော်မှာ သတ္တ သတ္တာဟစေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့ပါတယ်။ ဒီစေတီတော်ကြီးရဲ့ကုန်းတော်ကို ဘွဲ့တော်သမုတ်တဲ့အခါမှာလည်း နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များထံ ဩဝါဒခံယူပြီးတော့ ရွှေသုဝဏ်ဆရာတော် ဘုရားကြီးက ဥဒယရံသီကုန်းတော်ပြင်ဆိုပြီးတော့ အခုလက်ရှိပူဇော်ထားပါတယ်။ အရှေ့အရပ်မှာ တည်ရှိတဲ့ ပုဗ္ဗသီရိမြို့နယ်လို့ အဓိပ္ပာယ်ရပါတယ်။

မေး။ မဟာဗောဓိပင်သမိုင်းကြောင်းကိုလည်း ပြောပြပေးပါ။

ဖြေ။ သတ္တသတ္တာဟ စေတီတော်ကြီးတည်ဆောက်ပူဇော်တော့မယ်ဆိုတဲ့အခါကျတော့ သီရိလင်္ကာနိုင်ငံကနေပို့ဆောင်ပူဇော်လိုက်တဲ့ မဟာဗောဓိပင်ကိုပဲ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် စိုက်ပျိုးပူဇော်ထားတာဖြစ်ပါတယ်။ ပန္နက်တော်တင်ပွဲအပြီး မဟာဗောဓိပင်ကြီးကို စိုက်ပျိုးပူဇော်ပြီးတဲ့အခါမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ သစ်တောက တာဝန်ခံပုဂ္ဂိုလ်တွေရယ်၊ ACE က တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ အမြဲမပြတ် စောင့်ရှောက်ပူဇော်ခဲ့ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံသားစိစစ်ရေးကတ် နေ့ချင်းပြီးဆောင်ရွက်

ကလေး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မေ ၂၁ ရက် နံနက် ၈ နာရီက ကလေးမြို့ ကြို့သုံးပင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ မိုးပွင့်အဆင့်(၅) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကလေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော် ဦးစီးသောအဖွဲ့သည် မိုးပွင့်အဆင့်(၅) စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်သူနှင့် ၁၈ နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်များနေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **ဂျူနိုင်း**

စာအုပ်စာပေ လှူမိတ်ဆွေ

မိုးရာသီ သွေးလွန်တုပ်ကွေးနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှုမှ ကင်းရှင်းရေးအတွက် မေ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စွမ်းအားလူငယ်အဖွဲ့မှ လူငယ်မောင်မယ်များစုပေါင်း၍ မြောင်းမြမြို့ ဦးဘချိုလမ်း (၂×၃) လမ်းကြား မြသာယာဈေးပတ်လည်ရှိ ရေနုတ်မြောင်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

အောင်မင်း(မြောင်းမြ)

ပြည်တွင်းသတင်း

* ကျောဖုံးမှ

လွန်ခဲ့သော ၁၄ နှစ်မှစတင်၍ ဗုဒ္ဓနေ့ကို ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများက အသိအမှတ်ပြု ဦးဆောင်ကျင်းပလာခဲ့ရာ ထိုအချိန်မှစ၍ ဗုဒ္ဓနေ့ကို နိုင်ငံတကာက ပိုမိုနားလည်သိရှိလာကြပြီး ထေရဝါဒ၊ မဟာယာနနှင့် ဝဇိရယာနတို့ကို ကိုးကွယ် ယုံကြည်သူများအနေဖြင့် တပေါင်းတစည်းတည်းအဖြစ် ငြိမ်းချမ်းမှု၊ သည်းခံမှုနှင့် အတ္တကို ကျော်လွှားခြင်း စသည့် ဗုဒ္ဓ၏ အဆုံးအမများကို ရင်ဝယ်ပိုက်ထားလာနိုင်ခဲ့ကြပါကြောင်း။

သတ္တဝါအားလုံးကို သနားကြင်နာတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်သွားပြီဖြစ်သော်လည်း လူသားတို့အား အကြွင်းအကျန်မရှိ အမွေပေးခဲ့သော နက်နဲသိမ်မွေ့သည့် မြတ်ဓမ္မတို့သည် ဗုဒ္ဓမူလဟောကြားခဲ့သည့်အတိုင်း အပြောင်းအလဲမရှိ ယနေ့ထက်တိုင် သန့်ရှင်းစွာ တည်ရှိနေပါကြောင်း။

မိမိအနေဖြင့် ကုလသမဂ္ဂ ဗုဒ္ဓနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပထမဦးဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် လွန်ခဲ့သော ၁၀ နှစ်တာကာလအတွင်း ဗုဒ္ဓနေ့နှင့် တကွ နိုင်ငံတကာညီလာခံများကို ယခုကဲ့သို့ ကမ္ဘာ့အဆင့် ကျင်းပခဲ့ကြသည့်အတွက် နိုင်ငံတကာရှိ ဗုဒ္ဓဘာသာဝင်မိသားစုများ၊ ထိုင်းနိုင်ငံအစိုးရနှင့်တကွ သံဃာတော်များအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုနှစ် ကုလသမဂ္ဂ ဗုဒ္ဓနေ့အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သည့် "ပညာရေးနှင့် ကမ္ဘာ့မိသားစုအပေါ် ဗုဒ္ဓလမ်းစဉ်မှ ရှုမြင်ချက်" (Education and Global Citizenship: A Buddhist Perspective) ဆိုသည်မှာ အလွန်ဆီလျော်ပါကြောင်း၊ ယင်းဆောင်ပုဒ်သည် ဗုဒ္ဓကို အောက်မေ့သည့် အထိမ်းအမှတ် နေ့ထူးနေ့မြတ်များ ကျင်းပသည့်အခါတိုင်း ဗုဒ္ဓဘာသာဝင်အားလုံးက နှလုံးသွင်းအာရုံပြုထားသင့်သည့် ဆောင်ပုဒ်လည်း ဖြစ်ပါကြောင်း။

လူသားအားလုံးသည် တစ်ခုတည်းသော ကမ္ဘာသူ ကမ္ဘာသားမိသားစုအမြင်များ ရှိလာကြရန် အမှန်တကယ်လိုအပ်ပါကြောင်း၊ ဗုဒ္ဓ၏ အဆုံးအမများမှာ အတ္တကို ပယ်ဖျောက်ရန် သွန်သင်ဆုံးမထားပါကြောင်း၊ မိမိတို့နှင့်အတူ အမြဲရှိနေသော ဒုက္ခကိုလည်း ရှုမြင်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ ငြင်းပယ်၍မရသော အမှန်တရားများပင်ဖြစ်ပါကြောင်း၊ အသေအချာဆန်းစစ်ကြည့်လျှင် ဗုဒ္ဓ၏အဆုံးအမများသည် အသားရောင်၊ ကျားမ၊ ယုံကြည်မှုနှင့် လူမှုရေးအဆင့်အတန်းမရွေး ကမ္ဘာ့လူသားအားလုံးအပေါ် တူညီစွာလွှမ်းခြုံထားသည့် မေတ္တာတရားများပင်ဖြစ်ပါကြောင်း။

မြန်မာတို့သည် ဗုဒ္ဓနေ့ကို နှစ်စဉ်မေလတွင်ကျရောက်သည့် မြန်မာတို့၏ ဒုတိယမြောက်လဖြစ်သော ကဆုန်လပြည့်နေ့တွင် ကျင်းပလေ့ရှိပါကြောင်း၊ ယင်းလပြည့်နေ့သည် တရားဝင်ရုံးပိတ်ရက်ဖြစ်ပြီး မြန်မာပြည်သူပြည်သားများသည် ဝိပဿနာရိပ်သာများနှင့် ဘုရားကျောင်းကန်များသို့ သွားရောက်၍ တရားထိုင်ခြင်း၊ ဓမ္မကို နှလုံးသွင်းခြင်းနှင့် အလှူဒါနပြုလုပ်ခြင်းတို့ဖြင့် ဗုဒ္ဓ၏အဆုံးအမတို့ကို လိုက်နာဆောင်ရွက်ကြပါကြောင်း။

ဗုဒ္ဓသည် ဗောဓိညောင်ပင်ရိပ်တွင် သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်ကို အကြောင်းပြုပြီး ကဆုန်လပြည့်နေ့တွင် မြန်မာတို့သည် ညောင်ရေသွန်းလောင်းလေ့ရှိကြပါကြောင်း၊ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဗုဒ္ဓနေ့မှာ ကဆုန် ညောင်ရေသွန်းပွဲတော်နေ့လည်း ဖြစ်ပါကြောင်း။

ယခုနှစ် ကုလသမဂ္ဂဗုဒ္ဓနေ့၏ ဆောင်ပုဒ်အပေါ် ဆွေးနွေးချက်များသည် ဗုဒ္ဓဘာသာဝင်မိသားစုများကိုသာမက တစ်ကမ္ဘာလုံးကို အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒုတိယသမ္မတအား မဟာချူလာလောင်ကွန်းတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်က ဗုဒ္ဓဆင်းတုတော်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် အခမ်းအနား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် သုဝဏ္ဏဘူမိလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာရာ ည ၈ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌအားတွေ့ဆုံ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဖိလစ်ပိုလွှန်ဘာဒီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာဖိလစ်ပိုလွှန်ဘာဒီအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရေးရာကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးစိုးသာ၊ ဦးလှမြင့်ဦး၊ အတွင်းရေးမှူး ဦးမောင်တိုး၊ ကော်မတီအဖွဲ့ဝင် ဒေါ်ခင်စောဝေနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သံအမတ်ကြီး သူရဦးသက်ဦးမောင်အား တူရကီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး သူရဦးသက်ဦးမောင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သတင်းစာဆရာများသည် မီဒီယာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြရန်လို

ရန်ကုန် မေ ၂၂

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် ထူးခြားထင်ရှားသော ဝိသေသလက္ခဏာများနှင့် တည်ရှိသည့် ယဉ်ကျေးသိမ်မွေ့သော လူ့ဘောင်အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြောင်းလဲမှုများ ပြုလုပ်ရာ၌ အရာအားလုံးကို တစ်ရက်တည်း တစ်ချိန်တည်း ပြုပြင်ပြောင်းလဲ၍မရနိုင်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲသွားရမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ကျင်းပသည့် မီဒီယာဥပဒေဆိုင်ရာ ဟောပြောပွဲတွင် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး တရားသူကြီးဟောင်း ဂျာမနီတရားရေး ကျွမ်းကျင်သူ ပါမောက္ခ Dr. Wolfgang Hoffmann Riem က ပြောကြားသွားသည်။

ထို့ပြင် သတင်းစာဆရာများသည် မီဒီယာကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းကြရမည်ဖြစ်ကြောင်း၊ လူ့ဘောင်အဖွဲ့အစည်းတိုးတက်ရေးတွင် အခြေခံကျသော လူ့အခွင့်အရေးများသည် အလွန်အရေးကြီးကြောင်း၊ သတင်းစာဆရာများသည် အခြေခံကျသော လူ့အခွင့်အရေးများအား ကာကွယ်သွားကြရမည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားသည်။

ဟောပြောပွဲတွင် ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာပိုကောင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဥပဒေပညာဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်မာရီက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါဟောပြောပွဲသို့ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာဆရာမများ၊ မဟာဥပဒေသင်တန်းသားသင်တန်းသူများ၊ ဥပဒေပညာကို စိတ်ဝင်စားကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးစည်းဝေး

ရန်ကုန် မေ ၂၂

ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတော်၏ စီးပွားရေးမောင်းနှင်အားအတွက် နိုင်ငံပိုင်အခန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှ ယခုအခါ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ရှင်သန်ရေး ဦးတည်လျက်ရှိပြီး နှစ်ဦးနှစ်ဖက်အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုများ လိုအပ်ကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ချိန်၌ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ရမည့် အချိန်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍရှိအဖွဲ့များနှင့် အစိုးရလုပ်ငန်းအဖွဲ့များ စွမ်းဆောင်ရည်ရှိရှိ ဆောင်ရွက်နိုင်မှသာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု အောင်မြင်မည်ဖြစ်ကြောင်း၊ ဌာနများအနေဖြင့် မိမိတို့နှင့် လုပ်ငန်းချင်း ဆက်စပ်နေသည့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် အဓိကဆောင်ရွက်မည့် Working Group များကို အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် အစီအမံများ၊ လုပ်ငန်းစီမံချက်များ ကြိုတင်ပြင်ဆင်ရေးဆွဲထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် မူကြမ်းရေးဆွဲဆောင်ရွက်မှုနှင့် ကော်မတီ(၈)ရပ်ဖွဲ့စည်းရန် လျာထားဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီးစီမံကိန်း ရေးဆွဲရေး ဦးစီးမှူးက ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးရွှေမော်ဓောဘုရားလမ်းတွင် မီးလောင်မှုဖြစ်ပွား

ပဲခူး မေ ၂၂

ပဲခူးမြို့ ပဲခူးရွှေမော်ဓောဘုရားလမ်း တောင်ထိပ်ပန်းပွင့် စားသောက်ဆိုင်၏ ဆိုင်နောက်ဖေး စတိုခန်းတွင် မေ ၂၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ကျွမ်းခဲ့ရာ စတိုခန်းအတွင်းထားရှိသော မြန်မာဘီယာ ဂျပ်ဖာစက္ကူများနှင့် လေထုတ်ပန်ကာအဟောင်းတို့ မီးလောင်ကျွမ်းခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်ပြီး ဆိုင်ရှင်ဦးကျော်ဝင်းအား ပဲခူးအမှတ်(၁)ရဲစခန်းမှ အမှုဖွင့်အရေးယူထားသည်။ **သန့်စင်**

● ကျောဖုံးမှ

အဆင့်မြှင့်တင်ပြီးဖြစ်ရာ မော်တော်ယာဉ်များ ကုန်စည်တင်ဆောင်သွားလာနိုင်နေပြီ ဖြစ်သည်။

မဟာမဲခေါင်ဒေသခွဲစီးပွားရေး စင်္ကြံလမ်းမကြီး ဒုတိယလမ်းမှာ အရှေ့-အနောက် စင်္ကြံလမ်းဖြစ်ပြီး ၁၂၅ မိုင်ရှည်သည်။ ယင်းစီးပွားရေးစင်္ကြံလမ်းမှာ မြန်မာနိုင်ငံနှင့်ဆက်စပ်မှု၌ ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းနှင့် မြန်မာနိုင်ငံ မော်လမြိုင်သို့ ဆက်သွယ်သောလမ်းဖြစ်သည်။ ယင်းဖောက်လုပ်ရေးအတွက် ညှိနှိုင်းစီစဉ်လျက်ရှိသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းမကြီး တတိယလမ်းအဖြစ် မြန်မာနိုင်ငံနှင့် ဆက်စပ်သည့်လမ်းမှာ တောင်ပိုင်းစင်္ကြံလမ်းဖြစ်ပြီး အရှည် ၈၇ မိုင်ခန့်ရှိသည်။ ယင်းလမ်းမှာ ဗီယက်နမ်နိုင်ငံ ကွီနန်၊ ဗန်တောမြို့မှ မြန်မာနိုင်ငံ ထားဝယ်မြို့သို့ ဆက်သွယ်ထားသော လမ်းဖြစ်သည်။ ယင်းလမ်းဖောက်လုပ်ပြီးစီးရန်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ စီးပွားရေးစင်္ကြံလမ်းမှာ မြောက်ပိုင်းစင်္ကြံလမ်း ဖြစ်သည်။ အရှည် ၃၇၅ မိုင်ရှိပြီး တရုတ်နိုင်ငံ ဖန်ချမ်းဆိပ်ကမ်းမှ တရုတ်နိုင်ငံ ကူမင်းမြို့၊ ကူမင်းမြို့မှ ရွှေလီမြို့၊ ရွှေလီမှ မြန်မာနိုင်ငံ မူဆယ်-မန္တလေး-တမူးမြို့အထိ ဆက်စပ်နေသောလမ်းဖြစ်သည်။ ယင်းစင်္ကြံလမ်းမှာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းသည့် လမ်းပိုင်းမှာပြီးစီးနေပြီး မော်တော်ယာဉ်ဖြတ်သန်းသွားလာ ကုန်သွယ်မှု ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဖြတ်သန်းသည့် ပဉ္စမလမ်းအဖြစ် အနောက်ပိုင်းစင်္ကြံလမ်းဖြစ်ပြီး အရှည် ၈၄၅ မိုင်ရှိသည်။ ယင်းလမ်းမှာ အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ ဆက်စပ်နေသော လမ်းလည်းဖြစ်သည်။ ယင်းလမ်းပိုင်းမှာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းသွားသော လမ်းအပိုင်းများ ပြီးစီးနေပြီဖြစ်ရာ လက်ရှိအသုံးပြုသွားလာလျက်ရှိနေပြီဖြစ်သည်။

မဟာမဲခေါင်ဒေသခွဲအတွင်း စီးပွားရေး စင်္ကြံလမ်းကြောင်းများမှာ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းလျက်ရှိနေမှုကြောင့် မဝေးကွာသောကာလတွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့်အပြိုင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးရန် အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး

လွတ်လပ်သည့်မီဒီယာသည် ဒီမိုကရေစီလူ့ဘောင်၏အခြေခံအုတ်မြစ်ဖြစ် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပါဝင်ပူးပေါင်းလုပ်ဆောင်သွားမည်

အမေး/အရေး
သတင်းလုလင်
ဓာတ်ပုံ(သတင်းစဉ်)

ဒုတိယအကြိမ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ရှိကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပခဲ့ရာ နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများ၊ နိုင်ငံခြားသတင်းဌာနများ၊ ပြည်တွင်းမီဒီယာများမှ သတင်းထောက်များ၊ အယ်ဒီတာများက မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာဆွေးနွေးခဲ့ကြသည်။ မိမိတို့သတင်းအဖွဲ့သည် ညီလာခံကျင်းပရာ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်သို့ သွားရောက်ကာ သိလိုသည်များကို တွေ့ဆုံမေးမြန်းခဲ့ပြီး အများပြည်သူသိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

ဦးကျော်ကျော်သိန်း
သတင်းထောက်
အမေရိကန်အသံ (VOA)မြန်မာပိုင်းအစီအစဉ်

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံနှင့်ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကိုထုတ်ဖော်ပြောကြားရာတွင်-

ယခုကဲ့သို့သော ညီလာခံတွေဟာ သိပ်ကောင်းပါတယ်။ ဒီလိုပွဲမျိုးတွေ များများလုပ်သင့်ပါတယ်။ သတင်းသမားတွေလည်း များများတက်သင့်သလို တာဝန်ရှိသူတွေလည်း ဒီထက်ပိုလာပြီး ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းအားဖြင့် သတင်းမီဒီယာရဲ့ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှုတွေပိုပြီးတော့ ထင်ရှားလာမယ်လို့ ကျွန်တော်ရှုမြင်ပါတယ်။ သတင်းသမားတွေရဲ့ အရည်အသွေးတွေလည်း ဒီလိုပွဲမျိုးတွေကနေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ပွဲစီစဉ်တဲ့သူတွေ၊ နိုင်ငံတကာက ပံ့ပိုးတဲ့လူတွေ ဒီလူတွေအနေနဲ့လည်း တကယ်ပဲစေတနာကောင်းကောင်း၊ စေတနာမှန်မှန်နဲ့ ရိုးရိုးသားသားလုပ်နေတယ်လို့ ကျွန်တော်ယူဆပါတယ်။ သူတို့ရဲ့ပံ့ပိုးကူညီမှုနဲ့ မြန်မာ့သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ အကောင်းဘက်က မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံ၌ မီဒီယာပြုပြင်ပြောင်းလဲရေးအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်နေခြင်းနှင့်ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဟာ အကောင်အထည်ဖော်နေဆဲအဆင့်မှာပဲ ရှိနေသေးတယ်။ မြန်မာနိုင်ငံမှာ ဒီလုပ်ငန်းစဉ်ဟာ ဘယ်တော့မှ ပြီးသွားမှာမဟုတ်ဘူး။ လက်ရှိအဆင့်မှာ လုပ်စရာတွေ အများကြီးကျန်သေးတယ်၊ လိုသေးတယ်။ ဒီထက်အားစိုက်ပြီးတော့ ဒီထက်ပိုပြီး အရှိန်ကောင်းကောင်းနဲ့လုပ်ဖို့ လိုအပ်တာတွေလည်း ရှိနေသေးတယ်။ အားရကျေနပ်ဖွယ်အဆင့်အထိရောက်လာဖို့လို့ လမ်းကြောင်းပေါ်ရောက်နေပြီလို့တော့ ကျွန်တော်ရှုမြင်ပါတယ်။

သတင်းထောက်များ၏ သတင်းရယူစုဆောင်းသည့် လုပ်ငန်းစဉ်တွင် သတင်းသမားများ တွေ့ကြုံရတတ်သည့် အခက်အခဲများနှင့်ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

လွန်ခဲ့တဲ့ ၁၀ နှစ် ဟိုဘက်ပိုင်းထက်စာရင် အစိုးရတာဝန်ရှိသူတွေကို မေးမြန်းနိုင်ခွင့်၊ သူတို့ဆီက သတင်းအချက်အလက်တွေ ရယူခွင့်အနေနဲ့ အများကြီးတိုးတက်လာပါတယ်။ ဒါပေမယ့် လွတ်လပ်စွာသတင်းရယူခွင့်အနေနဲ့ ပြည်တွင်းမီဒီယာလောကသားတွေ ရင်ဆိုင်နေရသလို ကျွန်တော်လည်း ရင်ဆိုင်နေရပါတယ်။ သတင်းတစ်ခုဖြစ်တယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဘက်နှစ်ဖက်မျှအောင်တင်ပြနိုင်ဖို့ ကြိုးပမ်းတဲ့အခါမှာ ဘက်တစ်ဖက်ကိုသာရပြီးတော့ ဘက်တစ်ဖက်ကိုတော့ အလွယ်တကူမရတဲ့ အခြေအနေမျိုးတွေ ဒီနေ့အထိ ရင်ဆိုင်နေရပါတယ်။ ဒီအခြေအနေကို ကျော်လွှားလွန်မြောက်အောင် လုပ်ဖို့လိုပါတယ်။ တာဝန်ရှိသူတွေအနေနဲ့ တစ်ဖက်ကပြောစကားနဲ့ပဲ တစ်ဖက်စောင်းနင်းထွက်သွားတဲ့ သတင်းမျိုးကို မလိုချင်ပါနဲ့။ ကိုယ့်ဘက်ရဲ့ ရပ်တည်ချက်ကိုလည်း ပြောပြီးတော့သတင်းကို ဘက်မျှအောင် ကြိုးစားပေးကြစေချင်ပါတယ်။ အဲဒီလို ကြိုးစားပေးမယ်လို့လည်း ပြောကြတာတွေကို ကျွန်တော်ကြားရပါတယ်။

သတင်းလွတ်လပ်စွာ ရယူခွင့်ရှိရေးနဲ့ပတ်သက်လို့ ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ဆက်လက်ပြောကြားရာတွင်-

လျှို့ဝှက်အဆင့် သတင်းအချက်အလက်ဆိုရင် သတင်းသမားတွေအနေနဲ့ ရေးသားထုတ်ပြန်ခွင့်မရပါဘူး။ အစိုးရအနေနဲ့ သတင်းအချက်အလက်တစ်ခုကို လောလောဆယ်မှာ လျှို့ဝှက်အဆင့်သတ်မှတ်ထားရင် ရေးသားခွင့်မရှိပါဘူး။ ဒါပေမယ့် အနောက်နိုင်ငံမှာ လျှို့ဝှက်အဆင့်သတင်းအချက်အလက်နဲ့ ပတ်သက်လို့ နှစ်အကန့်အသတ်ရှိပါတယ်။ သတင်းအချက်အလက်တစ်ခုကို အချိန်အခါ အခြေအနေတစ်ခုသို့ ရောက်တဲ့အခါကျရင် တာဝန်ရှိသူတွေက ထုတ်ပြန်ပေးရပါတယ်။ Freedom of Information Act ဆိုတာကို ဥပဒေအရ ပြဋ္ဌာန်းပေးထားပါတယ်။ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ဥပဒေပါ၊ အဲဒီဥပဒေအရေ သတင်းသမားတွေအနေနဲ့ အစိုးရနဲ့ ပတ်သက်နေတဲ့ သတင်းအချက်အလက်တစ်ခုနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူတွေဆီက တောင်းလို့ရတယ်။ တောင်းရင်လည်း လျှို့ဝှက်အဆင့်လို့မသတ်မှတ်တော့ရင် သက်ဆိုင်ရာတာဝန်ရှိသူတွေက ထုတ်ပေးရတယ်။ နိုင်ငံတိုင်းမှာ နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေဆိုတာ ရှိပါတယ်။ လျှို့ဝှက်ချက်ဥပဒေကိုကိုင်စွဲပြီးတော့ သတင်းရယူခွင့်၊ လွတ်လပ်စွာသတင်းစုဆောင်းခွင့်ကို မထိခိုက်စေသင့်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ လျှို့ဝှက်အဆင့်ဖြစ်ခဲ့တဲ့တိုင်အောင် ကာလအတိုင်းအတာတစ်ခုအထိ ရောက်တဲ့အခါ အဆင့်အလိုက် သတ်မှတ်ပေးပြီးတော့ ထုတ်ပြန်ပေးသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။

ပုံနှိပ်မီဒီယာ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားသတင်းသမားတွေအနေနဲ့ သတင်းရယူနိုင်ဖို့ စီစဉ်ပေးတာ လောလောဆယ်မှာ အားနည်းနေတာကို တွေ့ရတယ်။ ဥပမာ- သတင်းသမားတွေအတွက် နေရာသတ်သတ်မှတ်မှတ်မရှိတာကြောင့် ရှေ့ဆုံးစင်ကြီးပေါ်တက်ပြီး သတင်းရယူနေရတယ်။ အဲဒီတော့ နောက်က ပရိသတ်က သူတို့ရဲ့ကျောပြင်ကို ကြည့်နေရသလိုဖြစ်နေတယ်။ တလောက အမျိုးသားကဇာတ်ရုံမှာသတင်းယူခဲ့တုန်းက သတင်းသမားတွေဟာ စင်မြင့်ပေါ်မှာပြောတဲ့သူရဲ့ရှေ့မှာ ပိတ်ပြီးတော့ကာနေတော့ ပရိသတ်အနေနဲ့ပြောတဲ့သူကို မမြင်ရဘူး။ ကျွန်တော် အကြံပေးချင်တာက စီစဉ်သူတွေ၊ တာဝန်ရှိသူတွေအနေနဲ့ သတင်းသမားတွေ သတင်းယူဖို့ လွယ်ကူစေမယ့်၊ ပြည့်စုံကောင်းမွန်စေမယ့် အခင်းအကျင်းမျိုး ဘယ်လိုပွဲမျိုးမှာမဆို ဖန်တီးပေးစေချင်ပါတယ်။

Ms.Michelle J.Foster မီဒီယာလုပ်ငန်းအတိုင်ပင်ခံ အမေရိကန်ပြည်ထောင်စုမီဒီယာ စီမံခန့်ခွဲမှုနှင့် ရောင်းဝယ်ရေးလုပ်ငန်း။

ရေဒီယိုသတင်းသမားတို့၊ တီဗွီသတင်းသမားတို့အတွက် အသံဖမ်းဖို့လိုအပ်တဲ့ လူတွေအားလုံးအတွက် စက်တွေကနေတစ်ဆင့် အသံဖမ်းတဲ့စနစ်တွေ ပေါ်လာစေဖို့ ကျွန်တော်မျှော်လင့်ပါတယ်။ အဲဒီလို ပေါ်လာအောင်လည်း လုပ်ပေးကြဖို့ ကျွန်တော်တိုက်တွန်းပါတယ်။

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကအသံလွှင့်မီဒီယာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့်ပတ်သက်၍ ဦးကျော်ကျော်သိန်းက ၎င်း၏ရှုမြင်ချက်ကို ဆက်လက်ညွှန်းဆိုရာတွင်-

မြန်မာနိုင်ငံမှာ အရင်တုန်းက နိုင်ငံပိုင်အနေနဲ့သာရှိခဲ့တဲ့ အသံလွှင့်မီဒီယာလုပ်ငန်းဟာ အခုအခါမှာ ပုဂ္ဂလိကပိုင်ကဏ္ဍကို ဖွင့်ပေးလိုက်တာဟာ အင်မတန်ကောင်းမွန်ပါတယ်။ အသံလွှင့်မီဒီယာလုပ်ငန်းမှာ လူငယ်တွေဟာလည်း ကြိုးစားနေကြတာကို အားရကျေနပ်မိပါတယ်။

ဒါပေမယ့် ကျွန်တော်အားမရမိတဲ့အချက်တစ်ချက်ကတော့ မြန်မာနိုင်ငံရဲ့အသံလွှင့်မီဒီယာလုပ်ငန်းမှာ သတင်းတင်ဆက်ပုံ၊ သတင်းထုတ်လွှင့်ပုံတို့မှာ အတော်လေးကြိုးစားရဦးမယ့်အပိုင်းပါ။ သတင်းထောက်က သတင်းတင်ပြပုံမပေါက်ဘဲ အခမ်းအနားမှာပြောတဲ့လူတွေ၊ အင်တာဗျူးလုပ်တဲ့လူတွေကိုပဲ ထုတ်လွှင့်နေတတ်ပါတယ်။ သတင်းထောက်ရဲ့သတင်းပေးနိုင်မှု မပါဘူး။ ဒီတော့ ပရိသတ်က ဘယ်လောက်ရသွားတယ်ဆိုတာ ကျွန်တော်မသိဘူး။ နိုင်ငံတကာမှာတော့ သတင်းထောက်က ကိုယ်တိုင်သွားမယ်၊ မေးမယ်၊ ပရိသတ်ကို သတင်းထောက်ကိုယ်တိုင်က ပြောမယ်။ ကျွန်တော့်အနေနဲ့ အဲဒီလိုအခြေအနေ တိုးတက်လာစေချင်ပါတယ်။ သတင်းတင်ဆက်ပုံအရ ဒီထက်ပိုကောင်းလာဖို့ ကျွန်တော်မျှော်လင့်ပါတယ် စသည်ဖြင့် ဦးကျော်ကျော်သိန်းက ၎င်း၏အမြင်ကို ထုတ်ဖော်ပြောကြားသွားသည်။

ဒေါ်နန်းဖော့ဂေ
Karen Information Center

Karen Information Center မှ ဒေါ်နန်းဖော့ဂေနှင့် တွေ့ဆုံခဲ့ရာတွင် ၎င်းက တိုင်းရင်းသားများ၏ အသံကို ပိုမိုထုတ်ဖော်ခွင့်ရရှိရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းရင်းသားလူမျိုးစုတွေ နေထိုင်တဲ့ နေရာဒေသတွေဟာ မီဒီယာလုပ်ငန်းတွေ အားကောင်းလာဖို့၊ ဖွံ့ဖြိုးတိုးတက်လာဖို့ ကျွန်မအကြံပြုဆွေးနွေးခဲ့ပါတယ်။ ပြည်သူလူထုရဲ့ အမှန်တကယ် လိုအပ်နေတဲ့သတင်းမျိုးတွေကို ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ဒေသတွေမှာ ရေဒီယိုအသံလွှင့်လုပ်ငန်းတွေ အများကြီးဖွံ့ဖြိုးတိုးတက်လာဖို့ လိုအပ်နေပုံကို ကျွန်မဆွေးနွေးခဲ့ပါတယ်။ ကုန်ကျစရိတ်နည်းပါးပြီး ထိရောက်မှုရှိတဲ့ ရေဒီယိုအသံလွှင့်လုပ်ငန်းတွေ တိုးတက်လာဖို့လိုအပ်ပါတယ်။ လောလောဆယ်မှာ အစိုးရအနေနဲ့ ပုံနှိပ်မီဒီယာတွေကို ထုတ်ဝေခွင့် ခွင့်ပြုပေးနေသလို ရေဒီယိုမီဒီယာအပိုင်းကိုလည်း အစိုးရကခွင့်ပြုပေးသွားဖို့ ကျယ်ကျယ်ပြန့်ပြန့် လုပ်သွားကြအောင် တိုက်တွန်းခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ လောလောဆယ်မှာ မြန်မာလိုနဲ့ အင်္ဂလိပ်လို အွန်လိုင်းရှိပါတယ်။ တိုင်းရင်းသား ဘာသာအနေနဲ့၊ စာစောင်အနေနဲ့ လုပ်ဆောင်နေပါတယ် စသည်ဖြင့် ပြောကြားသွားသည်။

Ms. Michelle J.Foster
မီဒီယာလုပ်ငန်းအတိုင်ပင်ခံ အမေရိကန်ပြည်ထောင်စုမီဒီယာစီမံခန့်ခွဲမှုနှင့် ရောင်းဝယ်ရေးလုပ်ငန်း

မြန်မာနိုင်ငံဟာ ကမ္ဘာ့၌နောက်ဆုံးပေါ် ထွန်းသစ်စစီးပွားရေးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်တဲ့အတွက် ရေရှည်မှာ မြန်မာ့မီဒီယာဈေးကွက်ဟာ ထူးခြားစွာ တိုးတက်ကောင်းမွန်လာမယ်လို့ မိမိယုံကြည်ပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးတိုးတက်မှု အလားအလာများစွာရှိနေပါတယ်။ မြန်မာနိုင်ငံမှာ သတင်းအချက်အလက်တွေ ရှာဖွေစူးစမ်းသိရှိလိုပြီး နိုင်ငံရေးမှာ တက်ကြွတဲ့ ပညာတတ်နဲ့ စာဖတ်နိုင်သူလူထုကြီးကလည်း ရှိနေပါတယ်။ သို့ရာတွင် ယခုအချိန်မှာတော့ မြန်မာ့မီဒီယာအားလုံးအား ထောက်ပံ့ဖို့ ဘဏ္ဍာငွေအလုံအလောက်မရှိသေးတဲ့အတွက် ရေတိုမှာ ပြဿနာရှိနိုင်သော်လည်း ရေရှည်မှာတော့ မြန်မာ့မီဒီယာဈေးကွက်အနေဖြင့် တောက်ပတဲ့အနာဂတ် ပိုင်ဆိုင်လာမယ်လို့ ယုံကြည်ပါတယ်။

ယခုအချိန်ဟာ အသွင်ကူးပြောင်းနေသော ကာလဖြစ်ပြီး စိတ်လှုပ်ရှား မြူးကြွဖွယ် ကောင်းနေပါတယ်။ မြန်မာနိုင်ငံမှာ မီဒီယာလုပ်ငန်းတစ်ဟုန်ထိုး တိုးတက်နေပါတယ်။ ပုဂ္ဂလိကသတင်းစာ အများအပြားထွက်ပေါ်လာတဲ့အပြင် အွန်လိုင်းများရော၊ အင်တာနက်ပါ အသုံးပြုနေကြပါတယ်။ ၎င်းတို့ဟာ တစ်ချိန်တည်းမှာ ဖြစ်ထွန်းနေလျက် အဲဒီမီဒီယာအားလုံးအတွက် စားသုံးသူဈေးကွက်အပြည့်အဝမရရှိသေးတဲ့အတွက် ရှေ့ဆက်လျှောက်မယ့် လမ်းခရီးမှာ အတားအဆီးတချို့ရှိနေတာကိုတော့ တွေ့ရပါသေးတယ်။

Mr. Mikael Hemniti Winther
မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး

အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုတာ မျှတတဲ့အမြင်ရှိပြီး လွတ်လပ်မှုရှိရပါမယ်။ အဲဒီအချက်က အင်မတန်မှကို အရေးကြီးပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာကို ပံ့ပိုးပေးနေတဲ့ အစိုးရတစ်ရပ်အနေနဲ့ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုတာ ဝါဒဖြန့်ကိရိယာတစ်ခုမဟုတ်ဘဲ အမှန်တကယ်လွတ်လပ်တဲ့ မီဒီယာတစ်ခုဖြစ်ကြောင်း အာမခံချက်ပေးနိုင်ရမှာ ဖြစ်ပါတယ်။ အမျိုးမျိုးသော လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတွေကို ကိုယ်စားပြုပါဝင်တဲ့ အဖွဲ့ဝင်များနဲ့ မီဒီယာကော်မတီတစ်မျိုးမျိုးကို ဖွဲ့စည်းနိုင်တယ်။ အဲဒီနေရာမှာ အစိုးရအနေနဲ့ ၎င်းဟာမီဒီယာရဲ့လုပ်ငန်းတွေကို ထိန်းချုပ်ထားခြင်းမရှိဘူးဆိုတာကို အသေအချာပြောနိုင်ရမှာဖြစ်ပါတယ်။ အစိုးရက ငွေကြေးအရ အထောက်အပံ့ပေးထားစေကာမူ အများပြည်သူဝန်ဆောင်မှုမီဒီယာကို အစိုးရက ထိန်းချုပ်ထားခြင်း မရှိကြောင်းကို ပြည်သူများအား အသိပေးထားရမှာဖြစ်ပါတယ်။

Mr.Etienne Clement
Deputy Director, UNESCO

ပုံနှိပ်မီဒီယာဖြစ်စေ၊ အသံလွှင့်မီဒီယာဖြစ်စေ အများပြည်သူဝန်ဆောင်မှုမီဒီယာရဲ့ ဥပဒေပိုင်းဆိုင်ရာ မူဘောင်ဟာ နိုင်ငံတကာစံနှုန်းများနဲ့ ကိုက်ညီမှုရှိစေဖို့အတွက် ယူနက်စကိုက အကြံဉာဏ်များ ပေးသွားမှာဖြစ်သလို ကူညီပံ့ပိုးမှုများလည်း ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လူထု၊ သတင်းသမားများ၊ စာဖတ်သူများ၊ ဘေးမှကြည့်နေသူများ စတဲ့ ပါဝင်ပတ်သက်နေသူအားလုံးရဲ့ အကျိုးစီးပွားများကို ထိခိုက်မှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ယူနက်စကိုက မြန်မာနိုင်ငံကို အကြံဉာဏ်များပေးသွားမှာ ဖြစ်ပါတယ်။ ယူနက်စကိုက ယုံကြည်လက်ခံထားတဲ့အချက်တွေနဲ့ ပတ်သက်ပြီး အကြံဉာဏ်များပေးသွားမှာဖြစ်ပါတယ်။

လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကစပြီး ထင်ရှားတဲ့အပြောင်းအလဲတွေကို ကျွန်တော်တွေ့မြင်မိပါတယ်။ ကျွန်တော်က ဗန်ကောက်မှာ အခြေစိုက်နေထိုင်ပြီး မြန်မာနိုင်ငံကိုလာတဲ့အခါတိုင်း "The New Light of Myanmar" နဲ့အခြားစာစောင်အနည်းငယ်ကို အမြဲတမ်းပဲဖတ်ပါတယ်။ အပြောင်းအလဲ အများအပြားကို တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အများပြည်သူဝန်ဆောင်မှုမီဒီယာဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တယ်ဆိုတာကို သေချာအောင်လုပ်ရပါမယ်။ ဆိုလိုတာကတော့ ပြည်သူကိုအလုပ်အကျွေးပြုခြင်းပဲဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာအနေနဲ့ သတင်းအချက်အလက်တွေကို ပြည်သူတွေထံကို ဝန်ဆောင်မှုတစ်ရပ်အနေနဲ့ ပေးနေခြင်းရှိမရှိ ဆိုတာကို ဒီနေ့ဒီအချိန်မှာ စောင့်ကြည့်နေကြပါတယ်။ ပြည်သူတွေအနေနဲ့ကလည်း သူတို့ရဲ့ နေ့စဉ်ဘဝတွေအတွက် အသုံးဝင်မယ့် သတင်းမျိုးရရှိလာပြီဆိုရင် အများပြည်သူဝန်ဆောင်မှုမီဒီယာဟာ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်လာပြီဆိုတာကို လက်ခံလာကြပါလိမ့်မယ်။ ဒီအချက်ကိုပဲ ယူနက်စကိုက အကြံပြုလိုတာဖြစ်ပြီး အကောင်အထည်ပေါ်လာစေလိုတာလည်း ဖြစ်ပါတယ်။ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုတာဟာ ပြည်သူတွေရဲ့ ငွေကြေးနဲ့ ထူထောင်ထားတာဖြစ်လို့ ပြည်သူတွေကို ဝန်ဆောင်မှုပေးရမှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဖိလစ်ပိုလွန်ဘာဒီ ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမ ဆောင်၌လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဦးသိန်းဝင်း၊ ဦးအောင်ထွန်း၊ ဦးစံထွန်း၊ ဦးညွန့်တင်၊ ဦးအောင်ငြိမ်း၊ ဒေါ်ခင်ဝိုင်းကြည်၊ ဦးနေဝင်းထွန်း၊ ဗိုလ်မှူးကြီး မောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဖိလစ်ပိုလွန်ဘာဒီအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မီဒီယာဥပဒေကြမ်းအသစ်များ ရေးဆွဲထုတ်ပြန်ခြင်းပါဝင်သည့် မြန်မာ့မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းအား မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံက အခိုင်အမာထောက်ခံ

ရန်ကုန် မေ ၂၂

ဒုတိယအကြိမ် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ(ယာပုံ)ကို ပြန်ကြားရေးဝန်ကြီးဌာန၊ Myanmar Media Development Thematic Working Group (MDTWG)၊ ယူနက်စကို (UNESCO)၊ အိုင်အမ်အက်စ် (IMS) တို့ ပူးပေါင်းပါဝင်မှုဖြင့် မေ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ထို့နောက် ဒုတိယအကြိမ် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံက သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို တက်ရောက်သူ ၃၀၀ နီးပါးဖြင့် မေ ၂၀ နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ဤညီလာခံတွင် သက်ဆိုင်သူအားလုံးတို့က တစ်နှစ်တာအတွင်း ပြောင်းမြောက်သော မှတ်တိုင်များကို စိုက်ထူနိုင်ခဲ့သော မြန်မာနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ရှေ့သို့ ဆင့်ကဲတိုးတက်နိုင်ရန် စုပေါင်းစွမ်းအားဖြင့် ထောက်ခံအားပေးနိုင်ခဲ့ကြပါသည်။

ရန်ကုန် ၁၂ မေ- "ဒီမိုကရေစီကူးပြောင်းရေးတွင် မီဒီယာ၏ အခန်းကဏ္ဍ၊ အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှေ့ဆက်လျှောက်ရမည့်လမ်း" ဟူသောခေါင်းစဉ်အောက်တွင် အစိုးရ အရာရှိများ၊ နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာ ကုမ္ပဏီများ၊ စာနယ်ဇင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသင်း အဖွဲ့များ၊ ပညာရှင်ကြီးများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် မီဒီယာသမား အမြောက်အမြားသည် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံတွင် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

ဤညီလာခံကို တစ်နှစ်တာအတွင်း သိသာထင်ရှားသည့် မီဒီယာပြောင်းလဲမှုဖြစ်စဉ်များ မြန်မာနိုင်ငံ၌ တွေ့ရှိရပြီးနောက်တွင် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ မြားမြောင်လှသော အဆိုပါပြုပြင်ပြောင်းလဲမှု မှတ်တိုင်များတွင် ဆင်ဆာအဖွဲ့ကို ဖျက်သိမ်းခဲ့ခြင်း၊ မီဒီယာဥပဒေသစ်များ၊ ရေးဆွဲခဲ့ခြင်း၊ ယာယီစာနယ်ဇင်းကောင်စီကို ဖွဲ့စည်းခဲ့ခြင်းနှင့် လတ်တလောထွက်ပေါ်လာသော ပုဂ္ဂလိကသတင်းစာများသည် ထင်ရှားသော သက်သေသာဓကများပင် ဖြစ်ပါသည်။

"တစ်နှစ်တာ မီဒီယာပြုပြင်ပြောင်းလဲရေးခရီးစဉ်သည် နိုင်ငံတော်အစိုးရ၊ ယူနက်စကို၊ အိုင်အမ်အက်စ် ယာယီစာနယ်ဇင်းကောင်စီ၊ ပြည်တွင်းပြည်ပ မီဒီယာအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ခိုင်မာလှသော ဆက်သွယ်ဆောင်ရွက်မှုများ၏ အရေးပါအရာရောက်မှုကို ထင်ဟပ်ဖော်ဆောင်ခဲ့ပါတယ်" ဟူ၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားပါသည်။

ယခုနှစ် ညီလာခံကို ပြန်ကြားရေးဝန်ကြီးဌာနနှင့်အတူ Myanmar Media Development Thematic Working Group (MDTWG) သည် ယူနက်စကို၊ အိုင်အမ်အက်စ်တို့၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာအုပ်စုများကလည်း ကူညီပံ့ပိုးခဲ့ကြပါသည်။ ညီလာခံတွင် ခေါင်းစဉ်နှင့် အကြောင်းအရာအမျိုးမျိုးကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ပါသည်။ ယင်းတို့တွင် မီဒီယာဆိုင်ရာ ဥပဒေပြဋ္ဌာန်းခြင်းနှင့်စည်းမျဉ်းများ ချမှတ်ခြင်း၊ ဒေသဆိုင်ရာမီဒီယာ ပြုပြင်ပြောင်းလဲရေးများ၊ မီဒီယာ ငြိမ်းချမ်းရေးနှင့်အငြင်းပွားမှု၊ မီဒီယာ၏စီးပွားရေး၊ မီဒီယာနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် စာနယ်ဇင်း သင်တန်းနှင့် အသိပညာပေးခြင်း အစရှိသည့် ခေါင်းစဉ်များ ပါဝင်ပါသည်။

"လွတ်လပ်တဲ့ မီဒီယာဟာ ဒီမိုကရေစီလူ့ဘောင်ရဲ့ အခြေခံအုတ်မြစ်ပဲဖြစ်ပါတယ်။ လွတ်လပ်တဲ့ စာနယ်ဇင်းဟာ စီးပွားရေးနှင့် နိုင်ငံရေး အကျိုးစီးပွားများ၏ ဩဇာတို့မှ လွတ်ကင်းရပါမယ်။ ဒါ့အပြင် သင့်တင့်လျောက်ပတ်တဲ့ အသိပညာနဲ့ သင်တန်းများ၊ ကောင်းမွန်ထိမိတဲ့ စီးပွားရေးစီမံကိန်းများနဲ့ စာနယ်ဇင်းလုပ်ငန်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမည့် အောင်မြင်သောကုမ္ပဏီများလည်း လိုအပ်ပါတယ်။ တကယ်ကို အပြည့်အဝ လွတ်လပ်တဲ့မီဒီယာမျိုး မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာတဲ့ အချိန်အထိ ဒီနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေမှာ ကျွန်တော်တို့အားလုံး ဆက်လက်ပါဝင် ပူးပေါင်းလုပ်ဆောင်သွားကြမှာဖြစ်ပါတယ်" ဟူ၍ ညီလာခံ၏ အဓိကအလှူရှင် နိုင်ငံများဖြစ်သော ဒိန်းမတ်၊ ဆွီဒင်နှင့် နော်ဝေးနိုင်ငံသံရုံးများ၏ကိုယ်စား ဒိန်းမတ်သံအမတ်ကြီး Mikael Winther က ပြောကြားခဲ့ပါသည်။

ဒုတိယအကြိမ် မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန် ၁၄ ဦး အပါအဝင် ယူနက်စကို(UNESCO)နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ IMS,USAID,SIDA,SEPA အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၃၉ ဦး၊ ABC International, Fojo Media Institute, DW Academy, ASEAN Media Information & Communication Centre,Asia Media Development Investment Fund, BBC, DVB စသော နိုင်ငံတကာမီဒီယာ အဖွဲ့အစည်းများ၊ နိုင်ငံတကာမီဒီယာ သတင်းဌာနများနှင့် နိုင်ငံတကာလူမှုအဖွဲ့အစည်းများမှ ၈၈ ဦး၊ ပြည်တွင်းမီဒီယာများမှ အယ်ဒီတာများ၊ သတင်းထောက်များ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တရားလွှတ်တော်ချုပ်ရုံး၊ ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ လူထုလူတန်းစားအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၂၄၂ ဦး အပါအဝင် စုစုပေါင်း ၃၆၉ ဦး တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

အလယ်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်

နေပြည်တော် မေ ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၄၈ လက်မနှင့် မုဒုံမြို့တွင် ၂ ဒသမ ၄၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမျိုးသား၁၀၀ ကီလိုမီတာ အသင်းလိုက်စံချိန်ပြိုင် စက်ဘီးပြိုင်ပွဲ ထိုင်းအသင်းအနိုင်ရ

သတင်း-ဖိုးသော်ဇင်
ဓာတ်ပုံ-စိုးညွန့်

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဆန်းစစ် စက်ဘီးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက နေပြည်တော် နှင်းဆီပန်းအဝိုင်း၌ ဆက်လက်ကျင်းပရာ **(ယာပုံ)** မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံများမှ ကစားသမားများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

အမျိုးသား ၁၀၀ ကီလိုမီတာ အသင်းလိုက် စံချိန်ပြုပြိုင်ပွဲကို မြန်မာ(က)၊ မြန်မာ(ခ)၊ ထိုင်း၊ မလေးရှားနှင့် ဘရူနိုင်းတို့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမ-ထိုင်း၊ ဒုတိယ-မလေးရှား၊ တတိယ-ဘရူနိုင်းတို့ ရရှိခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ယမန်နေ့က ကျင်းပခဲ့သည့် အမျိုးသား ၅၀ ကီလိုမီတာ တစ်ဦးချင်း စံချိန်ပြုပြိုင်ပွဲနှင့် ယနေ့ကျင်းပသည့် အမျိုးသား ၁၀၀ ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲဆု ရရှိသူများကို ဆုများပေးအပ်ခဲ့သည်။

ပြိုင်ပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်(လယ်ဝေး)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုစက်ဘီးပြိုင်ပွဲ ကျင်းပ

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲတွင် စက်ဘီးအားကစားနည်း အောင်မြင်မှုရရှိနိုင်ရေးရည်ရွယ်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုစက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော် ရာဇဌာနီလမ်းရှိ နှင်းဆီပန်းအဝိုင်း၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်တို့ တက်ရောက်ကြသည်။

ပေးအပ်ခဲ့

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ တာလွှတ်နေရာ၌ နေရာယူပြီးနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဦးစိုးမောင်တို့က ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

ဆက်လက်ကျင်းပ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသားတစ်ဦးချင်း စီ စံချိန်ပြု ကီလိုမီတာ ၅၀ ပြိုင်ပွဲကို သေနတ်ပစ်ဖောက် တာလွှတ်ပေးခဲ့သည်။ ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲ ကီလိုမီတာ ၃၀ တစ်ဦးချင်း စံချိန်ပြု ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

မွန်းတည့် ၁၂ နာရီတွင် ပထမရက် ဆုပေးပွဲအခမ်းအနားကို ပန်းဝင်နေရာဖြစ်သည့် နေပြည်တော် ရာဇဌာနီလမ်းရှိ ဥပ္ပါတသန္တိစေတီတော်အနီး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဆုများချီးမြှင့်ခဲ့သည်။

စံချိန်ပြု ပြိုင်ပွဲ

မေ ၂၁ ရက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ အသင်းခြောက်နိုင်ငံနှင့် ပြိုင်ပွဲဝင်ဦးရေ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမရက်အပြီး ဆုရရှိသူများမှာ အမျိုးသမီး တစ်ဦးချင်း စံချိန်ပြု ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ NONTASIN Chanpeng က ပထမ၊ မလေးရှားနိုင်ငံမှ MOHAMMAD Mariana က ဒုတိယနှင့် မြန်မာနိုင်ငံမှ မူမူအေးက တတိယတို့ အသီးသီးရရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘူးခွံများသန့်စင်ရာမှ အနံ့ဆိုးများ ခံစားနေရ

သာကေတမြို့နယ် (၁၀)ရပ်ကွက်(ခိုင်ရွှေဝါ) ၃ လမ်းတွင် ဂက်စ်ဘူးခွံ၊ ခြင်ဆေးဘူးခွံ၊ အမွှေးဘူးခွံများကို ဓာတုဗေဒဆေးရည်များဖြင့်ဆေးကာ သံပြားရယူသည့် လုပ်ငန်းများလုပ်ကိုင်နေခြင်းကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်းသူများအဖို့ အနံ့အသက်ဆိုးများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်မှုများနှင့် ကြုံတွေ့နေရသောကြောင့် သက်ဆိုင်ရာက အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

ကိုယ်တွေ့ခံစားရသူ

ရပ်ကွက်အတွင်း ကားဘော်ဒီလုပ်ငန်း ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကျွန်းတောတောင်ရပ်ကွက် အောင်သပြေလမ်းရှိ အိမ်ခြံဝင်းတစ်ခုအတွင်း ကားဘော်ဒီထုခြင်း၊ ကားစက်ပြင်ခြင်း၊ မီးစက်ဖွင့်၍ လျှပ်စစ်သံဂဟေဆော်ခြင်း၊ ကျောက်စက်စားခြင်းနှင့် လျှပ်စစ်ဝိုင်ယာရိန်းအသုံးပြုခြင်းများကြောင့် အနီးတွင် နေထိုင်သူများအတွက် ဆူညံသံများခံစားနေကြရသည့်အပြင်မီးဘေးကိုလည်း စိုးရိမ်နေကြရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သား

စည်ပင်မြောင်းပေါ်မှ ဝပ်ရှော့ကြောင့် အနှောင့်အယှက်ဖြစ်

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် (ဆ+က) ရပ်ကွက် ရတနာ မြဉ္ဇူလမ်းထောင့်ရှိ ဝပ်ရှော့အလုပ်ရုံနှင့်ပတ်သက်၍ စာတည်းထံ ပေးစာကဏ္ဍ မေ ၅ ရက်စွဲပါ သတင်းစာတွင်ပါရှိခဲ့ပြီး သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ခဲ့သော်လည်း ယင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေဆဲပင်ဖြစ်ပါသည်။

ယင်းဝပ်ရှော့သို့ လာသောကားများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်နေ၍ လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာက ထိရောက်စွာအရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အခိုင်အမာကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် ကျန်စစ်သားလမ်းမကြီးနှင့် အလင်းရောင်လမ်းထောင့်မျက်နှာစာတွင် လမ်းဘေးကျူးကျော်ဆိုင်များမှာ အမိုးအကာ၊ သစ်သားခုံများ အခိုင်အမာပြုလုပ်၍ ဝါးကပ်များဖြင့် နေရာချဲ့ထွင်သတ်မှတ်နေရာဦးထားခြင်း၊ ရေမြောင်းပိတ်ဆို့၍ ဈေးရောင်းချခြင်းများနှင့် အမှိုက်များစုပုံထားခြင်းများကြောင့် ရှင်းလင်းဖယ်ရှားပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။ **လှိုင်သာယာသား**

သရက်ခြံရပ်ကွက်ရေရရှိရေး ဆောင်ရွက်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့သို့ မဟာနန္ဒာကန်တော်မှတစ်ဆင့် သောက်သုံးရေပေးဝေလျက်ရှိပါသည်။ သရက်ခြံရပ်ကွက်သို့ ရေမလာသည်မှာ ငါးလခန့် ရှိပြီဖြစ်ပါသဖြင့် သက်ဆိုင်ရာမှတစ်ဆင့် ရေရရှိရေးဆောင်ရွက်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။ **ရွှေခြံသား**

ရွှေအိပ်မက်ကို ပြန်အသက်သွင်းမည့် မြန်မာလက်ဝှေ့အဖွဲ့

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - စိုးညွန့်

ရန်ကုန် မေ ၂၂

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့များကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ ဆီးဂိမ်းပြိုင်ပွဲကြီးစတင်ရန်မှာ မဝေးလှသော ကာလတစ်ခုသို့ ရောက်ရှိနေပြီဖြစ်ရာ ပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များသည်လည်း ရွှေအိပ်မက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြိုင်ပွဲ အကြိုပြင်ဆင်မှုများ၊ အတွေ့အကြုံကောင်းများရရှိစေရန်အတွက် နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် ပြည်ပနိုင်ငံများသို့ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ကာ ပြင်းပြင်းထန်ထန် လေ့ကျင့်နေကြသည်။

မြန်မာလက်ဝှေ့အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေဆုနှင့်လွဲချော်ပြီး ငွေ၊ ကြေးဆုများဖြင့် ကျေနပ်ခဲ့ရသည်မှာ အကြိမ်များလာပြီဖြစ်သည်။ ရွှေနောက်ဆုံးရခဲ့သည့် ပြိုင်ပွဲမှာ ၁၉၈၃ ခုနှစ် (၁၂)ကြိမ်မြောက် ပြိုင်ပွဲဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မြန်မာလက်ဝှေ့အဖွဲ့ ရွှေဆုနှင့်ဝေးကွာနေသည်မှာ ယခု နှစ် ၃၀ ပြည့်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပြုလုပ်မည်ဖြစ်ရာ ရွှေအိပ်မက် ပြန်လည်အသက်သွင်းနိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းလှသည်။ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ယှဉ်ပြိုင်ရန်အတွက် မြန်မာလက်ဝှေ့အဖွဲ့သည် ပဏာမ ကစားသမား ၃၃ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

"ပဏာမ လက်ရွေးစင်ကစားသမားတွေကို နေပြည်တော်နဲ့ ရန်ကုန်တို့မှာ နှစ်နေရာခွဲပြီး လေ့ကျင့်နေပါတယ်။ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၅ ဦးကို ရွေးချယ်လေ့ကျင့်ပေးနေတာဖြစ်ပါတယ်။ နေပြည်တော်က ကစားသမားတွေကို တရုတ်နည်းပြတစ်ဦး၊ မြန်မာနည်းပြလေးဦး၊ ရန်ကုန်က ကစားသမားတွေကို ကာဇက်စတန်နည်းပြတစ်ဦး၊ တရုတ်နည်းပြတစ်ဦးနဲ့ မြန်မာနည်းပြခြောက်ဦးတို့က လေ့ကျင့်ပေးနေပါတယ်။ ပဏာမ လက်ရွေးစင်ကစားသမားတွေကို ၂၀၁၂ ခုနှစ်ကတည်းက လေ့ကျင့်ပေးနေတာဖြစ်ပြီး ယခုနှစ်ဆန်းပိုင်းမှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုဖလားပြိုင်ပွဲအပြီးမှာ ကစားသမားတွေကို ပြန်လည်ရွေးချယ်ခဲ့တာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေဇော်က လေ့ကျင့်ပြင်ဆင်နေမှုနှင့်ပတ်သက်၍ရှင်းပြသည်။

မြန်မာလက်ဝှေ့အဖွဲ့သည် ၂၀၁၂ ခုနှစ်က ကာဇက်စတန်နိုင်ငံတွင် တစ်လကြာ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြည်ပနိုင်ငံများသို့ သွားရောက်၍ လေ့ကျင့်ရန် စီစဉ်ထားကြောင်း သိရသည်။ အမျိုးသားလက်ဝှေ့ ကစားသမားများကို ယခုမေလအတွင်း ကာဇက်စတန်နိုင်ငံသို့လည်းကောင်း၊ အမျိုးသမီးလက်ဝှေ့ကစားသမားများကို ဇွန်၊ ဇူလိုင်လတွင် တရုတ်နိုင်ငံသို့လည်းကောင်း စေလွှတ်လေ့ကျင့်စေမည်ဖြစ်သည်။ ထို့အပြင် ဆီးဂိမ်းအကြို နိုင်ငံတကာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲကို ဇူလိုင်လအတွင်း နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်ထားမှုနှင့် ပတ်သက်၍ "လာမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသား-ရှစ်တန်း၊ အမျိုးသမီးခြောက်တန်း ထည့်သွင်းကျင်းပသွားမှာပါ။ ကျွန်တော်တို့အနေနဲ့ အတန်းစုံယှဉ်ပြိုင်ဖို့ စီစဉ်ထားပါတယ်။ ကစားသမားတွေကို ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးထားပြီး အောင်မြင်မှုရဖို့ မျှော်မှန်းထားပါတယ်။ ကျွန်တော်တို့လက်ဝှေ့အဖွဲ့ကို ရွှေလေးခုရဖို့ လမ်းညွှန်ထားပြီး လမ်းညွှန်ချက်နဲ့အညီ ရယူနိုင်ဖို့ ကြိုးပမ်းသွားမှာပါ" ဟု ဦးနေဇော်က ပြောကြားခဲ့သည်။

ပဏာမ မြန်မာ့လက်ရွေးစင် လက်ဝှေ့ အားကစားမယ်တစ်ဦး လေ့ကျင့်နေစဉ်။

မိုင်းရယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

မိုင်းရယ် မေ ၂၂

လားရှိုးခရိုင် မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မေ ၈ ရက် နံနက် ၁၀ နာရီက မိုင်းရယ်မြို့နယ် နောင်မိုကျေးရွာအုပ်စု ဖဖာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မိုင်းရယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်နှင့် ရပ်မိရပ်ဖများ တက်ရောက်ပြီး မိုင်းရယ်မြို့နယ် ဦးစီးဌာနမှူး ဦးဝင်းဦးက မိုးပွင့်အဆင့်(၅)စီမံချက် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းဦးက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၈၀ ကို နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ခဲ့သည်။ **ကိုဇော်(လားရှိုး)**

ရွှေစည်းခုံစေတီတော် အရှေ့စောင်းတန်း၌ ယာဉ်ပတ်လမ်း ပြုလုပ်

ညောင်ဦး မေ ၂၂

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ခရီးသွားရာသီ၌ ပြည်ပခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွားဧည့်သည်များ အများအပြားလာရောက်လည်ပတ်ခဲ့ရာတွင် ကားကြီး၊ ကားငယ်များဖြင့် လာရောက်ခြင်းကြောင့် ရွှေစည်းခုံစေတီတော်ကြီး အရှေ့ဘက်တန်ဆောင်းထိပ်၌ ယာဉ်ရပ်နားရန်နှင့် ယာဉ်အဝင်အထွက်ပြုလုပ်ရန်အခက်အခဲတစ်ခုဖြစ်သဖြင့် ရွှေစည်းခုံအရှေ့စောင်းတန်းထိပ်၌ ယာဉ်အဝင်အထွက် စနစ်တကျပြုလုပ်နိုင်ရန် ယာဉ်ပတ်လမ်းတစ်ခုကို ဧပြီလက ဂေါပကအဖွဲ့က ကြီးမှူး၍ ပြုလုပ်ခဲ့ပြီးဖြစ်ရာ နောက်နှစ်ခရီးသွားရာသီအချိန်၌ ယာဉ်ကြောပိတ်ဆို့မှု အခက်အခဲမရှိနိုင်တော့ကြောင်း သိရသည်။

စိတ်အေးချမ်းသာ

"ပြီးခဲ့တဲ့ နွေရာသီကျောင်းပိတ်ရက်ကာလတုန်းက ပြည်တွင်းခရီးသွားဧည့်သည်တွေ တော်တော်များများ လာရောက်ကြတယ်။ များလွန်းတော့ ကားထားစရာနေရာမရှိဘူး။ ကားအဝင်အထွက်လည်းများတော့ ဘုရားဖူးဧည့်သည်တွေ ဒုက္ခများတာပေါ့၊ အခုလို ယာဉ်ပတ်လမ်းလုပ်ထားတော့ ယာဉ်ကြောပိတ်ဆို့မှုနဲ့ ယာဉ်အဝင်အထွက်မရှုပ်တော့ဘူးဆိုရင် ပြည်သူတွေစိတ်အေးချမ်းသာ ဘုရားဖူးလို့ရပြီပေါ့" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၂၂

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန်များ လုပ်ကိုင်ဆောင်ရွက်နေမှု၊ မြို့နယ်အလိုက် ဒုက္ခသည်များကို နေရာချထားမှု၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ဖြည့်ဆည်းပေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေကန်များ တူးဖော်ပြီးစီးမှု၊ စိုက်ပျိုးရေးအတွက် မျိုးစပါးလိုအပ်မှု၊ မြေပြုပြင်နေမှုနှင့် ထွန်ယက်ကိရိယာများလိုအပ်မှု၊ ငါးဖမ်းလုပ်ငန်းအတွက် ပစ္စည်းလိုအပ်မှုအခြေအနေများနှင့် သက်ဆိုင်ရာစခန်းတာဝန်ခံများက အောက်ခြေမြေပြင်အထိ ကွင်းဆင်းပြီး စာရင်းဇယားကိန်းဂဏန်း လိုအပ်ချက်များကို တိကျမှန်ကန်စွာ ရယူပြုစုလျက် မိမိတို့၏ သတ်မှတ်လုပ်ငန်း တာဝန်များကို ကော်မတီအလိုက် အချင်းချင်းအပြန်အလှန်ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လုပ်ငန်းများအောင်မြင်ရေးအတွက် အစည်းအဝေးများခေါ်ယူညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်သဖြင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ဒုက္ခသည်များကို စနစ်တကျ နေရာချထားပြီးမှ ၎င်းတို့၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်းပြောကြားသည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လမ်းပန်းဆက်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် ပြည်နယ်အတွင်းလမ်းတံတားများနှင့်ပြည်နယ်ခြားဆက်သွယ်မှု လမ်းတံတားများ ဆောက်လုပ်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးများနှင့် လုပ်ငန်းကော်မတီ အသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်

မကွေး မေ ၂၂

(၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မကွေးခရိုင်အဆင့်ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မကွေးမြို့ ပညာရေးကောလိပ်ကျောင်း၌ကျင်းပရာ မကွေးခရိုင်အတွင်းရှိ မကွေး၊ ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့သစ်မြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲတွင် ကွန်ပျူတာ ပန်းချီ၊ လက်ဆွဲပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများကို ပြိုင်ပွဲအမျိုးအစားအလိုက် မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **ဝသန်(မကွေး)**

ကျေးရွာအရောက် ကူညီပေးနေသည့် အမျိုးသမီးရေးရာ

စစ်ကိုင်း မေ ၂၂

စစ်ကိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းချိုနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်စကားဝိုင်းဆွေးနွေးပွဲကို မေ ၁၈ ရက် မွန်းတည့် ၁၂ နာရီက စစ်ကိုင်းမြို့ ဆားတောင်တိုက်နယ်ဘောက်သောက်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာရှိ ရွာလယ်မွှာရုံ၌ ကျင်းပသည်။

ပြောကြား

ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွဲ့ချုပ်၏လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်အတွင်းရေးမှူး ဒေါ်ခင်မေအေးက မြန်မာအမျိုးသမီးတို့ ဘဝတန်ဖိုးထားမှု၊ ယဉ်ကျေးမှုနယ်ချဲ့ခြင်းအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျန်းမာရေးအသိပညာပေးခြင်းများကို ဟောပြော၍ အခမ်းအနားတက်ရောက်လာသူများကို အာဟာရမုန့်များ ပေးဝေခဲ့ပြီး သက်ကြီးအဘိုးအဘွား ငါးဦးအားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ကျေးရွာအတွင်းရှိ ရေတွင်းရေကန်များကိုသန့်ရှင်းစေရန်အတွက် အဘိတ်ဆေးခတ်ခြင်း၊ သောက်သုံးရေအိုးများကို ရေစစ်ဖြင့် စနစ်တကျထည့်ပြီး ဖုံးအုပ်ထားရန် တစ်အိမ်တက်ဆင်း ရှင်းလင်းပြောကြားခဲ့သည်။ **မျိုးဝင်း**

မိတ္ထီလာမြို့သူနာပြုသင်တန်းကျောင်း သင်တန်းသူအိပ်ဆောင် ဖွင့်ပွဲကျင်းပ

မိတ္ထီလာ မေ ၂၂

မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်းတွင် သင်တန်းသူ ၁၅၀ ဆံ့ နှစ်ထပ်အိပ်ဆောင်ဖွင့်ပွဲကို မေ ၂၁ ရက် နံနက်က အဆိုပါ သင်တန်းကျောင်း၌ကျင်းပရာ ဆေးသိပ္ပံပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်အေး၊ ညွှန်ကြားရေးမှူး (သူနာပြု) ဒေါ်နွဲ့နွဲ့ခင်တို့ တက်ရောက်ခဲ့သည်။

မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်း၏ သင်တန်းသူ ၁၅၀ ဆံ့ နှစ်ထပ်အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင်အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်၊ ခွင့်ပြုငွေကျပ် ၂၂၉၈ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းသူ အိပ်ဆောင်ဆောက်လုပ်ပြီးစီးပြီ ဖြစ်သဖြင့် သင်တန်းသူများ မေ ၁၇ ရက်ကစပြီး သင်တန်းကျောင်း အိပ်ဆောင်တွင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်။ ယခင်က သင်တန်းသူများသည် ပြင်ပအဆောင်များ၌ ငှားရမ်းနေထိုင်ကြရသည်။ ယခု နိုင်ငံတော်၏ စေတနာဖြင့် သင်တန်းဆရာမများ၏ စနစ်တကျကြီးကြပ်အုပ်ချုပ်မှုအောက်တွင် ထားရှိပြီး သင်ကြားပို့ချပေးနိုင်မည်ဖြစ်ကြောင်း သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာအေးက ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်တွင် ကျန်ရှိသော သူနာပြု/ သားဖွားသင်တန်းကျောင်းများကိုလည်း ဆက်လက်ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

တပေမြင့်မှ လူမျိုးတင့်မည်

ရိုးရာတိုင်းရင်းဆေးဖြင့် မြင်းမူပြည်သူများအား အခမဲ့ကုသပေး

မုံရွာ မေ ၂၂

ကျေးလက်ဒေသနေ ပြည်သူများကို မြန်မာ့တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ တိုင်းရင်းဆေးပညာကို ကျေးလက်ဒေသနေ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်နှင့် လက်တစ်ကမ်းမှ သဘာဝသစ်သီး၊ သစ်ဥ၊ သစ်ဖုများဖြင့် ရောဂါများကို ကုသနိုင်သော နည်းလမ်းများကို သိရှိနားလည်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းရင်းဆေးဦးစီးဌာန တိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးမှူး ဦးကျော်ဆွေ၊ တိုင်းရင်းဆေးရုံအုပ်ကြီး ဦးနေအောင်တို့၏ စီစဉ်မှုဖြင့် မေ ၁၈ ရက်က စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကျော့မင်းကျေးရွာအုပ်စု ခြေရာတော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် မုံရွာတိုင်းရင်းဆေးရုံမှ တိုင်းရင်းဆေးမှူး ဦးအောင်စိုး ဦးဆောင်သောအဖွဲ့က ကွင်းဆင်းကုသပေးခဲ့သည်။ **(အောက်ပုံ)**

နွေရာသီတွင်ဖြစ်ပွားတတ်သော ရောဂါများ၊ ကုသနိုင်သော ဆေးဝါးများ၊ ရှောင်ရန်၊ ဆောင်ရန်နည်းလမ်းများကို ရှင်းလင်းဟောပြောခဲ့ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေး၍ပေးခဲ့ပြီး ဆေးကုသရန်လိုအပ်သော လူနာ ၁၇၅ ဦးကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့သည်။

"ကျေးလက်ပြည်သူတွေအတွက် ကျန်းမာရေးဗဟုသုတတွေ လိုအပ်နေတဲ့အချိန်မှာ ကွင်းဆင်းပြီး ကုသပေးတဲ့အတွက် အကျိုးအများကြီးရှိပါတယ်"ဟုဒေသခံတစ်ဦးက ပြောကြားခဲ့သည်။ **(မုံရွာတိုင်းရင်းဆေးရုံ)**

ပြည်တွင်းသတင်း

ပြည်သူ့လူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသင်း၏ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၊ ခုတင် ၁၀၀၀ နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ မျက်စိအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့များ၊ ဇမ္ဗူသီရိမြို့နယ်ဆေးရုံမှ ဆရာဝန်၊ ဆရာမများသည် မေ ၁၉ ရက်က နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်သို့ ကွင်းဆင်း၍ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်း အကြောင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန်ဒေါက်တာ နှင်းရည်လှိုင်က အန္တရာယ်ကင်းသောမိခင်ဘဝ အကြောင်းကိုလည်းကောင်း၊ ဒေါက်တာ လင်းလင်းခက်က သားဆက်ခြားခြင်းအကြောင်းကို လည်းကောင်း၊ PMCT စီမံချက်အရာရှိ ဒေါက်တာဦးဝေမြင့်က ကိုယ်ဝန်ဆောင်များ သိထားသင့်သည့် မိခင်မှ ကလေးသို့ HIV ပိုးကူးစက်မှုမှ ကာကွယ်နိုင်သည့် အကြောင်းကိုလည်းကောင်း ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခြင်း၊ အဘိုးအဘွားများအား အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား တစ်ခါသုံးမွေးအိတ်၊ အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့်အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း၊ ထောက်ပံ့ပေးအပ်ခဲ့သည်။ ယင်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများအား ထောက်ပံ့ခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူ့လူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လ တစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၂-၅-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၀၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၈၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၄၈ ကျပ်
ဥရောပ	တစ်ယူရို	၁၂၂၅ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၃ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၆ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၅၀၀ - ၅၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၄၀၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၄၀၀၀ - ၆၀၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၉၀၀၀ ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၆၀၀၀ -၃၂၀၀၀ ကျပ်
၇။	ကြက်	တစ်ပိဿာ	၃၅၀၀ - ၉၀၀၀ ကျပ်
၈။	ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀ ကျပ်
၉။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၆၀၀၀ ကျပ်
၁၀။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၂၀၀-၁၇၃၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၁၂
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၁၅-၄၆၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၂၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၁၀-၆၄၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၇၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၁၀၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမည်

ရန်ကုန် မေ ၂၂

တရုတ်နိုင်ငံ CCPIT Sichuan မှ ဒုဥက္ကဋ္ဌ Mr.Zhu Xiaojin ဦးဆောင်မှုဖြင့် တရုတ်ကုမ္ပဏီ ၄၀ မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိစဉ် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၃ ရက် (ကြာသပတေး)နေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(အောင်သူရ)**

ပိုင်ရှင်မှတိုက်ရိုက်ရောင်းမည်
Ph:09-5053076
(15'x50')
(325)
(405)

ပြည်ပအလုပ်အကိုင် ခေါ်ခြင်း
စင်ကာပူနိုင်ငံ Keppel သင်္ဘောကျင်းအတွက် (အမြန်)အလိုရှိသည်။
S$ - 800 + OT
လစာ
S$ - 430 + OT
Airticket
သုခစုံ
ပြည်တွင်း-ပြည်ပ
စင်ကာပူနိုင်ငံ ITE

ကန့်ကွက်နိုင်ပါသည်။
LLB, DPL, DMU

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုးလှဝင်း ၁၂/မဂတ(နိုင်)၀၉၁၅၄၃၏ Pass Port No-၉၇၉၅၀၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၃၂၇၄၅

အမည်ပြောင်း

ဦးညွန့်ဝင်း၏သမီး အလက (၃) ဗဟန်း၊ စတုတ္ထတန်းမှ မသက်ထားစံအား မချောကေခိုင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မချောကေခိုင်ဝင်း**

ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းနူးအောင်၏ ပတ်စပို့နံပါတ် M ၆၄၀၁၄၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၀၂၈၀၁၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်မြင့်မိုး ၉/ပဘန(နိုင်)၁၉၄၅၃၄၏ နိုင်ငံကူးလက်မှတ်အမှတ် M ၈၄၉၉၈၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၀၃၅၇၆

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်လင်းထက်(ခ)တရုတ် ၇/ပခန(နိုင်)၂၀၃၉၉၅ သည် မိဘတို့အား မိုက်ရိုင်းစော်ကား၍ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြောဆိုပြုမူပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

ဦးကျော်လှ ၇/ပခန(နိုင်)၁၀၅၉၃၇
ဒေါ်အေးငြိမ်း ၇/ပခန(နိုင်)၁၀၄၇၈၀

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဘီ၊ မြေကွက်အမှတ် ၁၈^၁-F၊ ဧရိယာ ၀ဒသမ၂၀၆ဧက၊ မြေအမျိုးအစား မြေပိုင်မြေ လ/န ၃(ခ)အိမ်ရာမြေသတ်မှတ် အမည်ပေါက် ဦးထင်းဝါ၊ ဒေါ်မြတင်အမည်ဖြင့် တည်ရှိသော မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထင်းဝါ ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၁၇၉၉/၉၁ဖြင့် ဒေါ်မြတင်က ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မြတင်၏ (၅-၁၁-၉၂)သေတမ်းစာအရ ရန်ကုန်တိုင်းတရားရုံး တရားမအထွေထွေမှုအမှတ် (၃၀၀/၁၉၉၃)ဖြင့် ၃၁-၅-၉၃ရက်တွင် သေတမ်းစာအတည်ပြုလက်မှတ်အား ဦးခင်မောင်လင်းအား ထုတ်ပေးခဲ့ပြီး မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်အမှတ် ၄၀၅၅/၉၇ဖြင့် ဒေါ်ခင်သန်းသန်းနှင့်ခင်ပွန်း ဦးကျော်အုန်းတို့မှပိုင်ဆိုင်ခဲ့ပြီး ဦးကျော်အုန်း သေဆုံးကြောင်း သေစာရင်းနှင့် ကျမ်းကျိန်လွှာများတင်ပြ၍ ဒေါ်ခင်သန်းသန်းမှ ပိုင်ဆိုင်ကြောင်း အမှားပြင်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းအမှတ်(၂၄)၊ ပထမထပ်(ဝဲ)ဘက်ခြမ်း၊ ၄ဝါလမ်း၊ စောရန်ပိုင်-တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ဦးမျိုးဇာနည်ဦး ၁၂/မရက(နိုင်)၁၁၄၃၀၅ လက်ရှိပိုင်ဆိုင်သော အလျားပေ ၁၇× အနံပေ ၆၀ အကျယ်ရှိ အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ်-၅၆၁၊(M.A.C Tower)အခန်း-၇၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

နေစွမ်းအင်ဖြင့် တောက်ပလာသည့် မိုင်းဖြတ်မြို့နယ် ညအလှများ

တာချီလိတ် မေ ၂၂

နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆောင်ရွက်မှုအရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျေးရွာမီးလင်းရေး ဆိုလာစနစ်များ တပ်ဆင် အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ရှေးယခင်ကကဲ့သို့ "ရွာငယ်ဇနပုဒ် မီးကလေးမှိတ်တုတ်ဆိုသည့် ကလေးတို့ ဘာသာဘာဝ အော်ဟစ်သီဆိုခဲ့ရသည့် တေးသံများ ပျောက်ကွယ်သွားကာ လျှပ်စစ်မီး တထိန်ထိန်၊ တီဗွီ၊ ကက်ဆက်သံ တညံညံဖြင့် သာယာစိုပြည်နေပြီဖြစ်သည်။ **(အောက်ယာပုံ)**

နိုင်ငံတော်အစိုးရ၏ ဆင်းရဲမှုတိုက်ဖျက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအမံအရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Solarises System Co.,ltd. နှင့် စာချုပ်ချုပ်ဆိုကာ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို ဆိုလာစနစ်တပ်ဆင်ကာ ကျေးရွာမီးလင်းရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝမ်ပုံကျေးရွာအတွင်းရှိ အိမ်ထောင်စု ၁၁၄စု၊ နမ့်လောက်ကျေးရွာရှိ အိမ်ထောင်စု ၁၀၀၊ ဟိုနားကျေးရွာရှိ အိမ်ထောင်စု ၁၄၀၊ နန့်ယွန်းကျေးရွာရှိ အိမ်ထောင်စု ၁၁၀ နှင့် ဝမ်နောင်ကျေးရွာရှိ အိမ်ထောင်စု ၉၅စု စုစုပေါင်း ကျေးရွာငါးရွာမှ အိမ်ထောင်စု ၅၅၉စုတို့က တစ်အိမ်ထောင်သုံး ဆိုလာစနစ်မီးလင်းရေးကို မေ ၁၁ ရက်က အောင်မြင်စွာ တပ်ဆင်ပေးနိုင်ခဲ့ခြင်းကြောင့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီး အသုံးပြုနိုင်ပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်က ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ တစ်အိမ်ထောင်သုံးဆိုလာစနစ်တွေကို တပ်ဆင်ပေးရာမှာ ပြည်သူတွေ ရုပ်မြင်သံကြားစက်၊ ဗွီစီဒီစက်များအသုံးပြုနိုင်မည့်အပြင် ကျောင်းသားကျောင်းသူတွေရဲ့အကျိုးကို ရှေးရှုပြီး တစ်အိမ်ထောင်ကို (80 W Panel) ဆိုလာပြားတစ်ချပ်၊ 12 V Battery တစ်လုံး၊ Control Box ဓာတ်အားထိန်းချုပ်စနစ်ပစ္စည်းတစ်ခု၊ LED-7 W မီးသီးတစ်လုံး၊ LED-3W မီးသီးနှစ်လုံးစီတို့ကို တပ်ဆင်ပေးခဲ့တဲ့အတွက် ညဘက်တွေမှာ လျှပ်စစ်မီးအလင်းရောင်နဲ့ စာရေးစာဖတ်လုပ်နိုင်ပြီဖြစ်ပါတယ်။ ဒါ့အပြင် မိုင်းဖြတ်မြို့နယ်အတွင်း ဂျီအက်စ်အမ်နဲ့ စီဒီအမ်အေမိုဘိုင်းဖုန်းတွေ တပ်ဆင်ပေးထားတဲ့ မိုဘိုင်းဖုန်းတွေအတွက် လိုအပ်တဲ့ဓာတ်အားသွင်းစနစ်တွေအတွက်လည်း များစွာအထောက်အကူပြုနိုင်ပြီဖြစ်ပါတယ်" ဟု မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

ရှမ်း-အာခါ-လားဟူ တိုင်းရင်းသားအများစု နေထိုင်ကြပြီး လယ်ယာအလုပ်ကို အဓိကအားထား လုပ်ကိုင်နေသည့်နယ်စပ်ဒေသ မိုင်းဖြတ်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်စွမ်းအားကို ရရှိအသုံးပြုနိုင်ပြီဖြစ်ရာ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့အတွက်များစွာအထောက်အကူပြုနိုင်တော့မည်ဖြစ်ပါကြောင်း မှဒိတာပွားများရင်း မှတ်တမ်းပြု တင်ပြလိုက်ရပါသည်။

မောင်ယဉ်ကျေး(တာချီလိတ်)

ပြည်တွင်းသတင်း

စကျင်ကျေးရွာ၌ လေပြင်းတိုက်၍ စေတီသုံးဆူ ထီးတော်ကျိုးပျက်

ကန့်ဘလူ မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု စကျင်ကျေးရွာရှိ စေတီသုံးဆူသည် မေ ၁၈ရက် ညနေ ၈နာရီခွဲခန့်က တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် ထီးတော်များကျိုးပျက်မြေခခဲ့ကြောင်း သိရသည်။

တည်ထား

၁၃၂၆ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သော ရွာအလယ်ရှိ ရတနာမဥ္ဇူ ဓာတ်ပေါင်းစေတီ၏ ထီးတော်သည် ကျိုးပျက်၍ လည်းကောင်း၊ ၁၃၃၀ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော ရွာမြောက်ဘက် အဝင်ပေါက်ရှိ မိုးဆုတောင်းပြည့်စေတီတော်သည် ဖောင်းရစ်တော်မှ ပျက်ကျ၍ ထီးတော်မြေခခြင်းနှင့် ၁၃၄၁ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော ရွာအရှေ့မြောက်ဘက် မိုင်ဝက်ခန့်အကွာရှိ ရှစ်မျက်နှာစေတီတော်သည် ဖောင်းရစ်တော်အပေါ်မှ ကျိုးပဲ့၍ ထီးတော် ကျိုးပျက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အောင်ဝင်းငြိမ်း

ကလေး၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များပေးအပ်

ကလေး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စခန်းကြီးကျေးရွာ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းအခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက စခန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ ကလေးမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌက စခန်းကြီးကျေးရွာ တောင်သူများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၁၇၁စောင် အတွင်းရေးမှူးက နန်းစောင်းပုကျေးရွာ တောင်သူများ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၂၆၇ စောင်ကို ပေးအပ်ရာ တောင်သူများက လက်ခံယူကြသည်။

ကလေးမြို့နယ်တွင် တောင်သူ ၃၂၇၅၁ ဦးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ၄၀၀၈၇ စောင်ကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစဉ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

အစားအစာဘေးကင်းလုံခြုံစိတ်ချရေး လေ့လာရန်ထွက်ခွာ

ရန်ကုန် မေ ၂၂

ထိုင်းနိုင်ငံ Maung Thong Thani တွင် ကျင်းပသော THAIFEX Exhibition(World of Food Asia 2013) ပြပွဲတက်ရောက်ရန်နှင့် ထိုင်းနိုင်ငံ Unilever Food Solution(UFS) ၏ ဖိတ်ကြားချက်အရ အစားအစာဘေးကင်းလုံခြုံစိတ်ချရမှုကိစ္စရပ်များကို လေ့လာရန်အတွက် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးညဏ်လင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဆန်နီအောင်ခင်၊ ဦးခင်အောင်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးကျော်မြတ်မိုး၊ တွဲဖက်အတွင်းရေးမှူး ဦးနေလင်းတို့ စီစဉ်ဆောင်ရွက်မှုဖြင့် တိုင်းဒေသကြီးများမှ စားသောက်ဆိုင်ပိုင်ရှင်များ၊ မန်နေဂျာများနှင့် စားဖိုမှူးများပါဝင်သော လေ့လာရေးအဖွဲ့ဝင် ၆၁ ဦးသည် မေ ၂၁ ရက် နံနက် ၉ နာရီ မိနစ် ၅၀က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ TG 304 လေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

သန်းဆွေ(ပန်းဘဲတန်း)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၃ခုနှစ် မေ ၂၄ရက်(ကဆုန်လပြည့်နေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချ နှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ ယဉ်မင်းထွန်း ၁၂/ရကန(နိုင်)၀၇၀၇၇၉၏ နိုင်ငံကူးလက်မှတ် ၉၄၂၀၇၇ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၂၈၇၅၂**

ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ အလက(မြို့မ)၊ အဋ္ဌမတန်းမှ မအိအိသော်တာ၏ ဖခင်အမည်မှန်မှာ ဦးသောင်းစန်း ၁၂/ကတန(နိုင်)၀၈၄၅၆၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကျောက်တန်းမြို့ အလက(မြို့မ) ဒုတိယတန်း(က)မှ မဆုထက်မြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းခိုင် ၁၂/ကတန(နိုင်)၀၇၆၇၅၈ဖြစ်ပါသည်။

ကွာရှင်းပြတ်စဲခြင်းအားပြန်လည်ရုပ်သိမ်းခြင်း

၉-၃-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇ပါ ဦးစိုးတင့်ဆွေ ၅/ပလန(နိုင်)၀၅၃၁၂၉ နှင့် မမြဝတ်ရည် ၇/ပခန(နိုင်)၂၄၃၃၅၄ တို့၏ ကွာရှင်းပြတ်စဲကြောင်း ကြော်ငြာအား လင်မယားနှစ်ဦးညှိနှိုင်းပြေလည်ပြီးဖြစ်သဖြင့် ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည။

ဦးစိုးတင့်ဆွေ
၅/ပလန(နိုင်)၀၅၃၁၂၉

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

၈ဂ/၉၁၀၃ (AYAR THEIN THAN (MPV) M/B(4x2) R(MPV)၊ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၇/ပမန(နိုင်)၀၁၈၂၉၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)
အင်းစိန်မြို့

နိုင်ငံတကာအားကစားသတင်း

ချယ်လ်ဆီးနည်းပြဟောင်းတွေ အဝင်အထွက်လုပ်မယ့် ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ် နည်းပြအဖြစ်မှ မော်ရင်ဟို ထွက်ခွာတော့မှာဖြစ်တယ်လို့ ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်က သတင်းစာရှင်းလင်းပွဲမှာ ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါတယ်။

မော်ရင်ဟိုနဲ့ မိမိတို့ကလပ်ဆက်ဆံမှုဟာလည်း ပြီးဆုံးသွားပြီဖြစ်တယ်လို့ ပီရက်ဇ်က ဆက်လက်ပြောကြားလိုက်ပါတယ်။ အသက် ၅၀အရွယ်ရှိတဲ့ မော်ရင်ဟိုနဲ့ရီးရဲမက်ဒရစ်တို့ စာချုပ်ဟာ လာမယ့် ၂၀၁၆ ခုနှစ်မှာ ပြီးဆုံးမှာဖြစ်ပေမယ့် ချယ်လ်ဆီးကလည်း ခေါ်ယူနေသလို မော်ရင်ဟိုကိုယ်တိုင်ကလည်း အသင်းက ထွက်ခွာလိုတဲ့ ဆန္ဒပြင်းပြနေတာမို့ အခုလိုရီးရဲမက်ဒရစ်ကနေပြီး ထွက်ခွာဖို့ဖြစ်ပေါ်လာခြင်းပါပဲ။

မော်ရင်ဟိုဟာ ရီးရဲမက်ဒရစ်ကို ၂၀၁၁ခုနှစ်က ကိုပါဒယ်ရေးဖလားနဲ့ ၂၀၁၂ခုနှစ်က လာလီဂါဖလားတွေ ဆွတ်ခူးရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုဟာ ချယ်လ်ဆီးကိုတစ်ပတ်လည်ပြန်ဝင်လာသလို မော်ရင်ဟိုထွက်လာမယ့် ရီးရဲမက်ဒရစ်အသင်းကို ချယ်လ်ဆီးနည်းပြဟောင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းနည်းပြ အန်ဆယ်လော့တီကလည်း ဝင်ရောက်တာဝန်ယူဖို့ရှိနေတယ်လို့ဆိုပါတယ်။

အသက် ၅၃ နှစ် အရွယ်ရှိတဲ့ အန်ဆယ်လော့တီဟာ လောလောဆယ်မှာ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းမှာ နည်းပြအဖြစ် တာဝန်ယူနေပြီး ဒီနှစ်ဘောလုံးရာသီမှာတော့ ပြင်သစ်လိဂ်ဖလားကို ဆွတ်ခူးနိုင်



မော်ရင်ဟို

အောင် စွမ်းဆောင်ပေးထားနိုင်သူဖြစ်ပါတယ်။

အန်ဆယ်လော့တီဟာ ၁၉၉၉ ခုနှစ်မှာ ဂျူဗင်တပ်စ်အသင်းကို အင်တာတိုတိုဖလား ရယူပေးနိုင်ခဲ့ပြီး အေစီမီလန်အသင်းနည်းပြအဖြစ်နဲ့ ၂၀၀၃ ခုနှစ်မှာ ကိုပါအီတာလီယာဖလားနဲ့ ချန်ပီယံလိဂ်ဖလားအပြင် ယူအီးအက်ဖ်အေ စူပါဖလားရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ်မှာ အေစီမီလန်ကို စီးရီးအေဖလားနဲ့ စူပါကိုပါအီတာလီယာဖလားရယူပေးနိုင်ခဲ့ပြီး ၂၀၀၇ခုနှစ်မှာ ချန်ပီယံလိဂ်ဖလားနဲ့ ယူအီးအက်ဖ်အေစူပါဖလားအပြင် ဖီဖာကလပ် ကမ္ဘာ့ဖလားကိုလည်း ဆွတ်ခူးရရှိအောင် စွမ်းဆောင်

အန်ဆယ်လော့တီ

ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

အန်ဆယ်လော့တီဟာ ချယ်လ်ဆီးအသင်းကို ကိုင်တွယ်ခဲ့စဉ်ကလည်း ၂၀၀၉ ခုနှစ်မှာ ကွန်မြူနတီဒိုင်း၊ ၂၀၁၀ ခုနှစ်မှာ ပရီမီယာလိဂ်ဖလားနဲ့ အက်ဖ်အေဖလားတို့ကို ရယူပေးနိုင်ခဲ့တဲ့နည်းပြတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ဘောလုံးရာသီမှာ မော်ရင်ဟိုနေရာကို အစားထိုးတာဝန်ယူပေးဖို့အတွက် ရီးရဲမက်ဒရစ်က ကမ်းလှမ်းနေတာဖြစ်ပါတယ်။

အန်ဆယ်လော့တီကိုယ်တိုင်ကလည်းရီးရဲမက်ဒရစ်အသင်းကို နည်းပြအဖြစ် တာဝန်ယူဖို့အတွက် စိတ်အားထက်သန်နေပေမယ့် လက်ရှိပီအက်စ်ဂျီအသင်း တာဝန်ရှိသူတွေကတော့ အန်ဆယ်လော့တီကို လက်မလွှတ်လိုတဲ့ ဆန္ဒတွေရှိနေပါတယ်။

ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းဟာ ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုထွက်ခွာတော့မှာ ဖြစ်သလို အသစ်ဝင်ရောက် တာဝန်ယူမယ့် နည်းပြသစ်ကလည်း ချယ်လ်ဆီးနည်းပြဟောင်း အန်ဆယ်လော့တီပဲ ဖြစ်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

မိုးမြင့်လင်းလက် ရေးသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်ယူနည်းပြသစ်ဒေးဗစ်မိုယက်စ်က တိုက်စစ်မှူးရွန်းနေကို အသင်း၌ ဆက်လက်နေသွားရန် စည်းရုံးသွားမည်ဟု ထုတ်ဖော်ပြောကြားသည်။
- စပါးအသင်းသည် ဂါရက်ဘေးလ်ကို တစ်ပတ်လုပ်ခလစာပေါင် ၂၀၀၀၀၀ ဖြင့် ထပ်မံစာချုပ်နိုင်ရေး ဆွေးနွေးလျက်ရှိသည်။
- လာမည့်နှစ်အတွက် ဘာစီလိုနာအသင်းမှတိုက်စစ်မှူး ဒေးဗစ်ဗီလာနှင့် ဗီလာအသင်းမှ ဘန်တီကီတို့ကို ခေါ်ယူပြီး ဂါရက်ဘေးလ်၊ အဒီဘာယော၊ ဒမ်ပဆေးတို့ဖြင့် စပါးအသင်းကို ပြင်ဆင်တည်ဆောက်မည်ဖြစ်သည်။
- အာဆင်နယ်အသင်းသည် ကစားသမားအသစ်ခေါ်ယူရန် လာမည့်နွေရာသီ၌ ပေါင်သန်း ၇၀ ခွင့်ပြုမည်ဟု အာဆင်နယ်ကလပ်တာဝန်ရှိသူများက ပြောကြားသည်။
- လီဗာပူးအသင်းသည် အသက် ၃၂ နှစ်အရွယ်ရှိ မန်စီးတီးနောက်ခံလူ ကိုလိုတိုရေးကို အလွတ်ပြောင်းရွှေ့မှုဖြင့် ခေါ်ယူမည်ဖြစ်သည်။

တိုက်စစ်မှူးနေမာ ဘာစီလိုနာသို့ပြောင်းမည်

ဘရာဇီးတိုက်စစ်မှူး နေမာသည် ဇူလိုင် ၁ ရက်တွင် ဘာစီလိုနာအသင်း၌ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း၊ ဘာစီလိုနာ၌ ကစားရန် ပြီးခဲ့သည့် သီတင်းပတ်ကပင် သဘောတူလက်မှတ်ထိုးခဲ့ပြီးဖြစ်ကြောင်း ဘရာဇီး နေ့စဉ်ထုတ်သတင်းစာ အိုဂလိုဘိုက မေ ၂၂ ရက်၌ ဖော်ပြသည်။

နေမာ၏လက်ရှိကစားနေသော ဆန်တို့စ်အသင်းနှင့် ၂၀၁၄ ခုနှစ် မတိုင်မီအထိ စာချုပ်ထားသော်လည်း ဘာစီလိုနာနှင့်ဆန်တို့စ်အသင်းတို့ ညှိနှိုင်းဆွေးနွေးမှုအရ အသင်းပြောင်းရွှေ့ရေးသဘောတူခဲ့ခြင်းဖြစ်သည်။

အင်ဒီမာရေး ပြင်သစ်အိုးပင်းမှ နုတ်ထွက်

ယူအက်စ်အိုးပင်းနှင့် အိုလံပစ်ချန်ပီယံ အင်ဒီမာရေးသည် နောက်ကျောနာကျင်မှုဝေဒနာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း မေ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။ အင်ဒီမာရေးသည် ပြီးခဲ့သည့် သီတင်းပတ်ကလည်း နောက်ကျောဝေဒနာကြောင့် ရောမမာစတာတင်းနစ်ပြိုင်ပွဲတွင် ဒုတိယအဆင့်မှ ထွက်ခွာခဲ့ရသည်။ ထို့ကြောင့် ယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ဝက်စ်ဟမ်းက အင်ဒီကာရိုးအား ပေါင် ၁၅သန်းဖြင့် ခေါ်ယူ

အသက် ၂၄ နှစ်အရွယ်ရှိ လီဗာပူးတိုက်စစ်မှူး အင်ဒီကာရိုးကို ဝက်စ်ဟမ်းအသင်းက ပြောင်းရွှေ့ ကြေးပေါင် ၁၅ သန်းဖြင့် ခေါ်ယူ သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက မေ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒီကာရိုးသည် ၂၀၀၆ မှ ၂၀၁၁ ခုနှစ်အထိ နယူးကာဆယ်အသင်းတွင် ကိုးပွဲကစားပြီး ၃၃ ဂိုး သွင်းယူပေးခဲ့သူဖြစ်သည်။ သို့ရာတွင်၂၀၀၇ ခုနှစ် ဩဂုတ်လမှ ၂၀၀၈ ခုနှစ်အထိပရီစတန်အသင်းသို့ အငှားချထားခဲ့သည်။

တစ်ဖန် ၂၀၁၁ ခုနှစ်၌ လီဗာပူးသို့ ပြောင်းရွှေ့လာခဲ့ပြီး ၅၇ ပွဲကစားပေးခဲ့ကာ ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ၌ လီဗာပူးမှ ဝက်စ်ဟမ်းအသင်းသို့ အငှားချထားခဲ့ရာ ဝက်စ်ဟမ်းအသင်းအတွက် ၂၄ ပွဲ ကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အာကာဟိန်း စုစည်းသည်

ဆီဘောက်ဆာကား ငှားရန်ရှိသည်

ဂါလန် ၂၈၀၀ ဆံ့ ကားများ ငှားရန်ရှိသည်။ (ရှစ်ဘီး) စာရွက်စာတမ်းအစုံ

ဖုန်း-၀၉-၅၀၁၆၈၇၀၊ ၀၉-၄၂၁၁၁၂၅၄၇

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက္ကူစက်ရုံ(ရေနီ)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(ရေနီ) နှင့် ပေါင်းစပ်ဆောင်ရွက်လိုသူ လုပ်ငန်းရှင်များအား ၅-၆-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏ အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တည်နေရာ - ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
အကျယ်အဝန်း - ၂၀၅၁ ဒသမ ၉၇ ဧက

ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ထွေးငယ်၏ နိုင်ငံကူးလက်မှတ် အမှတ် A-379796 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၅၆၉၅၅

Uniteam Marine Training Centre တွင်
ပို့ဆောင်ရေးဝန်ကြီးဌာန D.M.A အသိအမှတ်ပြု
CLASS III OOW (STCW A-II/1) သင်တန်း
ထပ်မံဖွင့်လှစ်ပါမည်။
သင်တန်းဖွင့်မည့်နေ့ - ဇွန်လ၊ ၂၀၁၃
လူဦးရေ(၄၀)ဦးစီသာ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးနိုင်ပါပြီ
Uniteam Marine Training Centre
No.84, Pan Hlaing Road, Sanchaung Township, Yangon.
Tel : 01-519112, 519113, 519114, 519115 Ext : 230,231

အမည်မှန်

ဦးကျော်နိုင်၏သား အထက(၁)ဒဂုံ၊ ပဥ္စမတန်း(E)တွင် ပညာသင်ကြားနေသော မောင်ဥက္ကာဖြိုးအား မောင်ဥက္ကာဖြိုးနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ပျောက်ဆုံးကြောင်း

မဝင်းဝင်းမာ ၈/တကက(နိုင်)၁၅၇၄၇၃၏ နိုင်ငံကူးစာအုပ်အမှတ် M-451806 ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၅၈၁၉၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊ လူနေရပ်ကွက်အမှတ် (အောင်မြေသာစည်)၊ မြေကွက်အမှတ် ၅၈၊ အကျယ်အဝန်း ၀ ဒသမ ၀၇၂ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်(အရပ်ခေါ်) ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်ချမ်းသာ ၁ လမ်း၊ အမှတ် ၅၈ ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်မြေအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးမြင့် ၁၂/စခန(နိုင်)၀၃၈၀၅၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ	
ဦးဝင်းဖေ(စဉ်-၆၂၃၄)	ဒေါ်မေရည်စိုးဦး	ဒေါ်နိုင်ဇင်ဦး	ဒေါ်နိုင်နိုင်စန်း
B.A,LL.B, B.C.S,B.J.S	LL.B,D.B.L	LL.B,D.B.L	LL.B,D.B.L
	(စဉ်-၈၁၁၂)		

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၇၀(ပထမထပ်)၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်
ဖုန်း-၅၁၀၇၆၀၊ ၅၁၀၉၄၀၊ ၅၁၀၉၅၀၊ ၅၀၀၆၄၃၊ ၅၀၂၅၁၇၊ ၂၃၀၄၃၁၁

အမည်ပြောင်း

ဦးအောင်ဟိန်း ၄/ဖလန(နိုင်) ၀၁၈၃၇၁ ၏သား မောင်ခန့်ညီဟန် အထက(၂)သဃ်န်းကျွန်းတွင် ပညာသင်ကြားနေသူအား မောင်ကောင်းဝေဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းဝေဖြိုး

သွေးသည် အသက်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များ ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ် မေ ၂၆ ရက် နံနက် ၉ နာရီတွင် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

(၁) ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
(၂) မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း
ဖုန်း-၀၁-၃၉၈၇၅၆

သတင်းဆောင်းပါး

သစ္စာလေးပါး ပိုင်းခြားသိမြင် ဗောဓိပင်

ဝိသုဇ္ဇက(ပဲခူး)

ကဆုန်လသည် နွေရာသီ၏ဗဟို ချက်မအလယ်လဖြစ်၏။ တန်ခူးရေကုန်၊ ကဆုန်ရေခန်းဆိုစကားနှင့်အညီ ပူပြင်းလှသော နေရှိန်ကြားမှ လောကကို အလှဆင်ရန်အတွက် အန်ခဲလျက် ပွင့်ရှာသော ရာသီပန်းမှာ စကားပန်း ဖြစ်လေသည်။

ယင်းအခါသမယတွင်မဟာပထဝီ မြေ၏ထုံသင်းသောရနံ့နှင့်အတူ မြူခိုးတို့က ပြန့်ပြူးလျက်ရှိချေ၏။ တန်ခူးကုန်ပြီး ကဆုန်လသို့ရောက်ရှိ၍ လာချေလျှင် မိုးမင်းကလည်း ရိုက်မြည်ထစ်ချုန်း ရာဇသံပေးချေ၏။ ထိုသည်ကို အချိန်အခါမဟုတ်သော မိုးဟူ၍ ခေါ်စမှတ်ပြုကြ၏။ ရှေးကတောင်သူဦးကြီးများက "ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့" ဟု မှတ်တမ်းပြုသွား၏။

ကဆုန်လပြည့်နေ့တွင် ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ညောင်ရေသွန်းလောင်းသည်ဟု ခေါ်၏။ ဗောဓိပင်ဆိုသည်မှာ မြတ်ဘုရားရှင်တို့သစ္စာလေးပါး တရားကို ပိုင်းခြား ထင်ထင်သိမြင်တော်မူရာ သစ်ပင်ထူးသစ်ပင် မြတ်ပင်ဖြစ်သည်။ ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရသည်။

ဂေါတမမြတ်စွာဘုရားရှင်အနေဖြင့်သစ္စာလေးပါးမြတ်တရားကိုသိမြင်တော်မူရာ သစ်ပင်မှာကား ညောင်ဗုဒ္ဓဟေ(ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင် သာသနာ၌ ဗောဓိပင်မည်ပေသည်။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့်သဘောရှိသဖြင့်"မဟာဗောဓိပင်"ဟု ခေါ်ဝေါ်ပေသည်။

ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့်ဗောဓိပင်ဟူသော အနက်အဓိပ္ပာယ် သုံးမျိုးတို့ကို ဟော၏။ အရိယာမဂ်သည် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည်၏။ သိသင့်သမျှ ဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်သည် ဗောဓိမည်၏။ မြတ်ဘုရားတို့ပွင့်တော်မူရာ သစ်ပင်တို့ကား သစ္စာလေးပါးဉေယျတရားတို့ကို ပိုင်းခြားထင်ထင်သိမြင်တော်မူရာ ဖြစ်သောကြောင့် ဗောဓိပင်ဟုခေါ်ပေသည်။မြန်မာနိုင်ငံတွင် ဗောဓိပင်စိုက်ပျိုးသည့်အကြောင်းကို သက္ကရာဇ် ၅၃၆ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့် အလောင်းစည်သူ၏ မြေးတော် နရပတိစည်သူမင်းလက်ထက်တွင် ပေါင်းလောင်းရှင်ဟုခေါ်ကြသော အရှင်ပဿပမထေရ်သည် သီဟိုဠ်သို့သွားရောက်ကာ အပြန်ခရီးတွင် ဗောဓိညောင်စေ့များကို ယူဆောင်လာပြီးနောက် နရပတိစည်သူမင်းအား ပေးတော်မူကြောင်းမှတ်တမ်းဟောင်းများတွင် လေ့လာသိရှိရသည်။ ပင်းတယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ဗောဓိပင်စိုက်တော်မူ၏ ဟု သာသနာလင်္ကာရစာတမ်း ၁၂၆တွင် ပြဆိုထားပေသည်။

ထူပါရုံဒါယကာမင်းနရပတိကြီး ၈၀၄ လက်ထက်နှင့် ပြည်စုန်မင်း မဟာသီဟသူရ ၈၃၀ လက်ထပ်၌ ဗောဓိပင်တို့ကို လှူဒါန်းသွားကြသည်ကို တွေ့ရှိရသည်။ မွန်ဘုရင်ဓမ္မစေတီမင်းစ၃၃သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏အနောက်မြောက်ဆံတော်ကြိုးလမ်းရှိ ကုန်းတော် ယခုဗောဓိကုန်းပေါ်တွင် သီဟိုဠ်ဒက္ခိဏာသာခါဗောဓိပင်တော်မှရသော မျိုးစေ့ဖြင့် စိုက်ပျိုးထားသည်။

ဗောဓိပင်ကို ပူဇော်ခြင်းသည် ဘုရားရှင်ကိုပူဇော်ခြင်းဖြစ်၏။ ဘုရားရှင်တို့ အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် စေတီတော်မည်၏ဟု ဘုရားရှင်က အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့၏။ ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင် ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြ၏။ ထေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ပြဆိုထားပြီးခုဒ္ဒကပါဌအဌကထာနိမိကဏ္ဍသုတ် အဖွင့်၌လည်း စေတီသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်ကြောင်း ဖွင့်ဆိုထားပေသည်။

ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ကဿပဘုရားရှင်တို့၏ ပွင့်တော်မူရာ သစ်ပင်များမှာ အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်၏။ မည်သည့်အပင်မဆို ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကို သိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် ဗောဓိပင်ဟူသော အမည်ထူးကိုရ၏။ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားရှင်လက်ထက်တွင် ကံ့ကော်ပင်၌ ပွင့်မည်ဟုဆိုလေရာ ထိုခေတ်ထိုအခါတွင်ကံ့ကော်ပင်သည် ဗောဓိပင်အမည်တွင်ပေလိမ့်မည်။

ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခြင်းနှင့်ပတ်သက်၍ အသနဗောဓိယမထေရ်လောင်းသည်တိဿဘုရားရှင်တို့၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရခြင်း၊ စကြာမင်းဖြစ်ရခြင်း၊ အပါယ်ဘေးမှ လွတ်ကင်းရခြင်းစသည့် အကျိုးကျေးဇူးများကိုရရှိသည်။ ဂန္ဓောဒကတိဿ မထေရ်လောင်းအနေဖြင့်ပဒုမုတ္တရ ဘုရားရှင်၏ ဗောဓိပင်ကိုနံ့သာရည်ဖြင့် သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ သောကကင်းဝေးခြင်းစသည့် အကျိုးကျေးဇူးများကို အသီးသီးခံစားကြရသည်။

ဂေါတမဘုရားရှင် ဘုရားဖြစ်လုဆဲဆဲအချိန်၌ သူဌေးသမီး သုဇာတာသည် ထူးမြတ်လှသော ဃနာနို့ဆွမ်းကို မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့်နေ့တွင် လှူဒါန်းခဲ့ခြင်း ပင်ဖြစ်၏။

ဒီပင်္ကရာဘုရားရှင် လက်ထက် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူရာတွင် သူပြင်ဆင်လျက်ရှိသောလမ်း မပြီးသဖြင့် ကိုယ်ကို ဝမ်းလျားမှောက်လျက် တံတားခင်းပေးသည်။

"ဤရှင်ရသေ့သည် နောင်အခါတွင် ဂေါတမဟူ၍ ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"ဟု ဒီပင်္ကရာ မြတ်စွာဘုရားက ဗျာဒိတ်မြွက်ကြားတော်မူသည်။ ထိုနေ့သည် ကဆုန်လပြည့်နေ့ဖြစ်၏။

ဘုရားလောင်းတော် သိဒ္ဓတ္တမင်းသားကို "အနေသက္ကရာဇ်ခြောက်ဆယ့်ရှစ်လျှင် တက်သစ်အစ ကဆုန်လ၌ ပြည့်ထသောကြာ၊ အချိန်အခါသင့်ပြီး မွန်းတည့်နီးဝယ် ညီးညီးမြူတေ၊ အသရေတိ၊ လျှံဝေညွန့်လူ၊ ဖွားတော်မူ၏"ဟူ၍ ပခန်းကြီးမြို့ အဿျှင်ကုမာရကဿပက ဓမ္မရာသီပျို့တွင် စပ်ဆိုခဲ့သည်။

ဘုရားသခင် ရွှေပလ္လင်ဝယ်၊ ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌မာရ်နတ်ကိုအောင်၍ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်မှာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှာပင် ဖြစ်သည်။

မြတ်ဘုရားရှင်သည် သက်တော် ၈၀၊ ဝါတော် ၄၅ ဝါ ကာလပတ်လုံး သတ္တဝါတို့အား တရားဓမ္မများဆုံးမဟောကြားတော်မူလျက် မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့၊ အင်္ဂါနေ့တွင် မလ္လာမင်းတို့၏ ကုသိနာရုံ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

"ဖွားမြင်၊ ပွင့်စံ၊ ဗျာဒိတ်ခံ၊ မှတ်ရန်ကဆုန်၊လပြည့်ကြို"ဟူသောစကားစဉ်သည် ဂေါတမဘုရားရှင်သာလျှင် ဤလ၊ဤရာသီတွင်ဖွားမြင်ခြင်း၊ဘုရားအဖြစ်ကို ရတော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်းမဟုတ်ပါ။ နှစ်ကျိပ်ရှစ်ဆူသော မြတ်ဘုရားရှင်တို့သည်လည်း ဖွားတော်မူသောလ၊ ဘုရားအဖြစ်ပွင့်တော်မူသောလ၊ ပရိနိဗ္ဗာန်ပြုတော်မူကြသောလပင်ဖြစ်ကြ၏။

ညောင်ရေသွန်းပွဲတော် ကျင်းပခြင်းကို မြတ်ဘုရားရှင်ပွင့်ရာ ဗောဓိပင်အား ရည်မှန်း၍ သွန်းလောင်းခြင်း၊ ရေပြတ်ချိန်၌ မညှိုးနွမ်းစေလိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပေသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပနေကြသည့် ဗောဓိပင်ဟု အမည်ရသည့်သစ်ပင် ကား ဘုရားရှင်၏ ဖွားဖက်တော်ခုနစ်ပါးတွင်တစ်ပါးအပါအဝင်ဖြစ်၏။ သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသည့်နေရာဖြစ်ခြင်းတို့ကြောင့် အလွန်ထူးခြားမြင့်မြတ်သည့် သစ်ပင်တို့ဖြစ်၏။ ယင်းသစ်ပင်တို့သည် ဗောဓိဉာဏ်ကို ရရှိရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော သစ်ပင်မျိုးဖြစ်၍ စေတီတော် သုံးမျိုးအနက် ပရိဘောဂစေတီတွင် ပါဝင်ပေသည်။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၃ခုနှစ် မေလ ၂၄ရက် (သောကြာနေ့) ကဆုန်လပြည့်နေ့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ
နှစ်ချုပ်ကြေညာလွှာတင်သွင်းရန်နိုးဆော်ခြင်း

၁။ ၂၀၁၂ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၃ခုနှစ် မတ် ၃၁ရက်အထိဖြစ်သည့် ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသည့် ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ သမဝါယမအသင်း၊ တစ်ဦးချင်းပုဂ္ဂိုလ်၊ တစ်ဦးချင်းပုဂ္ဂိုလ်များစုပေါင်းထားသည့် အဖွဲ့အစည်း(သို့မဟုတ်)အသင်း၊ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်းနှင့် ဖက်စပ်လုပ်ငန်းတို့သည် နှစ်ချုပ်ကုန်ရောင်းကြေညာလွှာ (သို့မဟုတ်) နှစ်ချုပ်ဝန်ဆောင်မှုကြေညာလွှာကို ပြည့်စုံစွာဖြည့်စွက်၍ ကြေညာလွှာတွင် ဖော်ပြထားသည့် ရှင်းလင်းချက်ပါအတိုင်း လက်မှတ်ရေးထိုးခွင့်ရှိသူက လက်မှတ်ရေးထိုးပြီး နှစ်ချုပ်စာရင်းရှင်းတမ်းများနှင့်အတူ သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) ကုမ္ပဏီများဆိုင်ရာအခွန်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ ပေးပို့ရန်နှင့် လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက ကြေညာလွှာလက်ခံရရှိကြောင်း ဖြတ်ပိုင်းကို သက်ဆိုင်ရာရုံးမှ ပြန်လည်တောင်းခံထားရန် အသိပေးနိုးဆော်အပ်ပါသည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၂ မှ ဇယား ၆ ပါ ကုန်စည်များ နိုင်ငံတော်အတွင်း ထုပ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၇ ပါ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ၊

၃။ **တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၀၁၃ခုနှစ် ဇွန် ၃၀ရက် (၃၀-၆-၂၀၁၃ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်ပါ၍ ၁-၇-၂၀၁၃ရက် ညနေ ၆း၀၀နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။) (၁၉၇၃ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၉ အရ)

၄။ **ပျက်ကွက်မှုအတွက်ပြစ်ဒဏ်** - လုံလောက်သောအကြောင်းမရှိဘဲ သတ်မှတ်ထားသော အချိန်အတွင်း ကြေညာလွှာတင်သွင်းရန်ပျက်ကွက်ပါက စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရပါမည်။

၅။ **ကြေညာလွှာပုံစံရယူရန်** - ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးတို့တွင် အခမဲ့ရယူနိုင်ပါသည်။

၆။ **စုံစမ်းရန်** - မရှင်းလင်းသည့်အချက်များကို ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (Tax Service Unit) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်တို့တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ကျော်ကျော်
ညွှန်ကြားရေးမှူး
ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ

ကျေးဇူး ဆပ်ပါမည်

ကျွန်တော် စန်းယု ၁၂/ဥကမ(နိုင်)၀၂၉၄၂၀သည် ခရီးသွားလာရင်း P.Pအမှတ် ၇၉၉၁၄၃ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၁-၆၉၁၃၇၇**

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

၁။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၂၀၁၃ ခုနှစ် မေ ၈ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၇၀/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း (ကျပ် ၁၀၀၀၀ိ/-)သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒါရိုက်တာဘုတ်အဖွဲ့**

အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တံတားတည်ဆောက်ရေးလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော မြစ်ကျောက်စရစ်၊ မြစ်သဲ၊ ဘိလပ်မြေ၊ စက်သုံးဆီ၊ သံချောင်း စသည့်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ လျှောက်လွှာပုံစံများအား ၁၀-၆-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်မှာ ၂၀-၆-၂၀၁၃ရက် မွန်းလွဲ ၂ နာရီဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက တံတားအထူးအဖွဲ့(၁၆)၊ မြိတ်မြို့၊ ကျွဲကူး-ကျောက်ဖျာ တံတားဆောက်လုပ်ရေးဝင်း ဖုန်း-၀၉-၄၂၁၇၂၂၁၈၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါရွေးချယ်ရေးအဖွဲ့
တံတားအထူးအဖွဲ့(၁၆)
မြိတ်မြို့

၁၆ ကြိမ်မြောက် ဆေးပညာအထူးပြုဘာသာရပ်များဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖိတ်ကြားခြင်း

16th Medical Specialties Conference (Medicine) ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ရက်နေ့မှ ၁၃ ရက်နေ့အထိ ရန်ကုန်ဆေးတက္ကသိုလ်(၁) ပြည်လမ်းတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ပြည်တွင်း၊ ပြည်ပမှ စိတ်ပါဝင်စားသူ ဆရာဝန်များ၊ ဆေးပညာရှင်များ တက်ရောက် ဆွေးနွေးနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

16th MSC (Medicine) ကျင်းပရေးကော်မတီ

ပြည်ထဲရေးဝန်ကြီးဌာန
အကျဉ်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင် အလုပ်စခန်းများမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးထွက်ရှိခဲ့သော စပါး ၉၀၅၆၄ တင်းအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ရောင်းချရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ စပါး ၄၆ ပေါင်ပါ စပါးတစ်တင်းလျှင် ကြမ်းခင်းဈေးအနိမ့်ဆုံး ကျပ် ၃၁၀၀ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်အား ၃၁-၅-၂၀၁၃ရက် ၁၃း၀၀နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ၂၂-၅-၂၀၁၃ရက်မှ ၃၀-၅-၂၀၁၃ရက်အထိ ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက စပါးရောင်းချရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၂၁/၀၁-၂၁၇၅၁၀၊ အကျဉ်းဦးစီးဌာန ဖုန်း-၀၁-၆၄၂၄၉၅၊ ၀၁-၆၄၂၄၉၆၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး(မြောက်ပိုင်းခရိုင်) ဖုန်း-၀၁-၆၄၅၈၂၃၊ ၀၁-၆၄၅၈၂၄၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ ဖုန်း-၀၁-၅၇၉၀၀၃၊ ၀၁-၅၃၆၁၂၇၊ ၀၅၆-၂၁၁၄၂၊ ၀၁-၆၄၂၂၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စပါးရောင်းချရေးအဖွဲ့
အကျဉ်းဦးစီးဌာန

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ဒဂုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်အစီအစဉ်ဖြင့် အောက်ဖော်ပြပါ သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်**	-	ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma on Geographic Information System) (PGDGIS)
၂။ **သင်တန်းဝင်ခွင့် အရည်အချင်း**	-	သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။
၃။ **သင်တန်းကာလ/ အချိန်**	-	(၁) ၂၀၁၃ခုနှစ် ဇွန်လမှ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလအထိ ၉လ သင်တန်း (၂) သင်ကြားမည့်အချိန်မှာ တနင်္လာနေ့မှ သောကြာနေ့၊ နံနက် ၇း၃၀နာရီမှ ၉နာရီအထိ ဖြစ်ပါသည်။ စနေနေ့ နံနက် ၇း၃၀နာရီမှ မွန်းတည့် ၁၂နာရီ၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီ
၄။ **သင်တန်း ဖွင့်မည့်ရက်**	-	သင်တန်းများကို ၁၈-၆-၂၀၁၃ရက်မှစ၍ ဖွင့်လှစ်ပါမည်။
၅။ **သင်တန်း လက်ခံမည့်ရက်**	-	သင်တန်းကို ၁-၆-၂၀၁၃ရက်မှစ၍ လက်ခံပါမည်။
၆။ **သင်ကြားမည့်ဌာန**	-	ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်
၇။ **ဆက်သွယ်ရန် လိပ်စာ**	-	လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန ဖုန်း-၅၈၅၀၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သင်တန်းကြီးကြပ်ရေးကော်မတီ
ဒဂုံတက္ကသိုလ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စတုတ္ထအကြိမ် ယဉ်ကျေးလိမ္မာ သင်တန်းဆင်း

မူဆယ် မေ ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းရင်းသား ကလေးသူငယ်များ လိမ္မာယဉ်ကျေးပြီး လူချွန်လူကောင်းများဖြစ်လာစေရေးအတွက် စတုတ္ထအကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို မေ ၉ ရက်က စတင်ဖွင့်လှစ်ပြီး သင်တန်းဆင်းပွဲကို မေ ၂၀ ရက်က ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဦးစိုးမြင့်အောင်နှင့် မူဆယ်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်မိဘများတက်ရောက်ခဲ့ပြီး သင်တန်းကာလတွင်း လှူဒါန်းပေးခဲ့ကြသော အလှူရှင်များနှင့် ပရဟိတအသင်း ၂၀ အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်သည်။

အဆိုပါ သင်တန်းကို မူဆယ်မြို့ ရာသက်ပန်ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာကော်မတီက ဦးဆောင်ပြီး မန္တလေးမြို့ ရေတံခွန်တောင် သစ္စဝေဒဂူ မိုးကုတ်ရိပ်သာမှ ဆရာတော်များ၊ သီလရှင်များ၊ ယောဂီများ၊ ဆရာဆရာမများ လူမှုရေးပရဟိတအသင်းဝင်များက သင်တန်းကို ပို့ချပေးခဲ့ပြီး သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၇၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ထူးမြတ်သာစွ လကဆုန်

❒ မြူခိုးမင်းလွင်
ဇာမျှင်ပိုးသား၊ ယှက်သန်းထားလို့
ခြံလွှားဝန်းကျင်၊ တံလျှပ်နှင့်လျက်
ရွက်ကျင်ကြွေညောင်း၊
ရွက်သစ် လောင်းသည့်
နွေနှောင်းအလှ၊ နုသစ်မြသည်
သာစွကဆုန် လပေကိုး . . .။

❒ ရွက်ကျန်ကြွေလွင့်
မိုးပွင့်အခြေ၊ လေရူးမွှေခိုက်
မြေသင်းရနံ့၊ ရပ်လုံးဖြန့်လျက်
တပ်လှန့်လျှပ်မြူး၊ မိုးသံကျူးကာ
မိုးဦးနိဒါန်း၊ မုတ်သုံကမ်းသည်
ချမ်းမြကဆုန် လပေကိုး . . .။

❒ နက္ခတ်ယှဉ်လာ
"ဝိသာခါ" တည့်၊ ရာသီ "ပြိဿ"
နွေလမမည်၊ မိုးမပီသေး
လေပြေရှင်းသန့်၊ ခင်းအဖြန့်တွင်
နံ့သာထုံမွှမ်း၊ " စကားပန်း" တို့
မြိုင်ထန်းတောရပ်၊ ပွင့်စုံဟပ်သည်
ထူးမြတ်ကဆုန် လပေကိုး . . .။

❒ မြတ်စွာဗုဒ္ဓ
ဤလမြတ်ထူး၊ လပြည့်ဦးဝယ်
မီးရှူးသန့်စင်၊ "ဖွားတော်မြင်" ခဲ့
ဉာဏ်စဉ်တော်ပွား၊ သစ္စာတရားနှင့်
" ဘုရားအဖြစ်" ၊ ပေါ်ထွန်းရစ်ခဲ့
မေတ္တာစွမ်းပြည့်၊ ဓမ္မအသိနှင့်
" ပရိနိဗ္ဗာန်" ၊ ကိန်းဝပ်စံခဲ့
သုံးတန်သုံးရပ်၊ ကြောင်းစုံထပ်သည်
လမြတ်ကဆုန်၊ ထူးမြတ်စုံစွ
လူ့ဘုံချမ်းမြ၊ ဘယာဝအောင်
ပူပင်သောက၊ အေးငြိမ်းရအောင်
ဗုဒ္ဓရည်မှန်း၊ ရေစင်ချမ်းနှင့်
တစ်ဝန်းပြည်ရွာ၊ ခြိမ့်သဲစွာပင်
စဉ်လာမပျက်၊ သွန်းဖျန်းပက်သည်
ချစ်မက်တွယ်တာ ဆင်ယင်နွှဲ
ဗောဓိညောင်ရေ သွန်းသည့်ပွဲ . .။ ။

မင်းသွေးနွယ်(ဓီးကုန်း)

ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်

နေပြည်တော် မေ ၂၂

မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)က ရွှေ့လျားကျန်းမာရေး စောင့်ရှောက်မှုဆေးခန်းနှင့် ကျန်းမာရေးပညာပေးခြင်း ကွင်းဆင်းဆောင်ရွက်မှုကို မေ ၁၉ရက် နံနက် ၉နာရီက ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာမွန်မွန်အောင်က အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ရွှေ့လျားကျန်းမာရေးဆေးခန်း အကြောင်းအရာ PMCT စီမံချက်မှ မန်နေဂျာ ဒေါက်တာဝင်းမြင့်က PMCT စီမံချက်အကြောင်းအရာများ၊ ဒေါက်တာနှင်းရည်လှိုင်က ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့်ကျွမ်းကျင်သူများဖြင့် မွေးဖွားခြင်း၊ ဒေါက်တာလင်းလင်းခက်က စနစ်တကျ သွားဆက်ခြားခြင်းများကို ပညာပေးဟောပြောခဲ့ကြသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် မေတ္တာစမ်းရေမဂ္ဂဇင်းနှင့် စာအုပ်စာစောင်များကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားနှင့် တစ်ခါသုံးအနှီးပိတ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အောင်ဇမ္ဗူရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၂၆ ဦးအား ဆရာဝန်များက လက်တွေ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သထုံရေရှားပါး ကျေးရွာများသို့ ရေလုံလောက်စွာ လှူဒါန်းနိုင်ခဲ့

သထုံ မေ ၂၂

မွန်ပြည်နယ် သထုံမြို့သည် မိုးအခါတွင် မိုးများပြီး နွေရာသီတွင် ရေရှားပါးသော မိုးများရေရှားဒေသတစ်ခု ဖြစ်သည်။ နွေရာသီကာလများတွင် သထုံမြို့ရှိရပ်ကွက်တော်တော်များများနှင့် နေမိန္ဒရတောင်ခြေရှိ ဘုန်းတော်ကြီးကျောင်း အချို့နှင့်လူနေအိမ်များသည် ရေရှားပါးသောဒဏ်ကို နှစ်စဉ် ခံစားခဲ့ရသည်။

ထို့ကြောင့် နေမိန္ဒရတောင်ခြေ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်စဘဒ္ဒန္တပဏ္ဍိတ်စကကျောင်းဝင်းအတွင်းရှိ အဝီစိတွင်းမှ နေမိန္ဒရတောင်ခြေတွင် မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူပြည်သူအများအသုံးပြုရန်အတွက် ရေဖြန့်ဝေလိုကြောင်း မိန့်ကြားချက်အရ သထုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံးနှင့်တော်ဝင်မီဒီယာတို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဧပြီ ၃၁ ရက်မှ မေ ၁၉ ရက်အထိ တစ်နေ့လျှင် ရေဂါလန်ပေါင်း ၁၂၀၀၀ ကို နေ့စဉ်ဖြန့်ဝေနိုင်ခဲ့ပြီး ဖြစ်သဖြင့် ရပ်ကွက်နေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရသည်။

နန္ဒကျော်စွာ

အဌမအကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစုများ
အာစရိယပူဇော်ပွဲကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်း ရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီး ဆရာများအား အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၃ခုနှစ် မေ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း ကုန်သွယ်လယ်ယာခန်းမရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ် ပေးပို့လှူဒါန်းနိုင်ပါသည်။

ဦးတိုးအောင်မြင့်	ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇-၄၀၈၀၀၂
ဦးတင်ရွှေ	အထွေထွေမန်နေဂျာ	ဖုန်း-၀၉-၇၃၂၀၆၃၀၇
ဒေါ်ခင်အေး	ဒု-အထွေထွေမန်နေဂျာ	ဖုန်း-၀၁-၅၁၃၂၆၉
ဦးသန်းအောင်ကျော်	ညွှန်ကြားရေးမှူး	ဖုန်း-၀၁-၂၅၁၁၉၇
ဦးအောင်ကျော်မိုး	ညွှန်ကြားရေးမှူး	ဖုန်း-၀၉-၈၆၂၅၀၁၂
ဦးဇော်မင်း	ညွှန်ကြားရေးမှူး	ဖုန်း-၀၉-၈၆၁၃၆၇၉
ဦးမြင့်ချို	အင်ဂျင်နီယာချုပ်	ဖုန်း-၀၉-၈၆၂၇၄၄၃
ဦးကျော်ငွေ	တိုင်းဒေသကြီးအင်ဂျင်နီယာ	ဖုန်း-၀၉-၅၀၁၄၅၅၃
ဦးလှမြင့်	တိုင်းဒေသကြီးမန်နေဂျာ(ငြိမ်း)	ဖုန်း-၀၁-၅၃၅၅၆၂

ဆရာကန်တော့ပွဲကျင်းပရေးကော်မတီ

ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၅) သီဟတပ်ခွဲ
သူငယ်ချင်းများသို့ ဖိတ်ကြားခြင်း

သီဟ(၅၅)၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံး သေဆုံးသွားသော သူငယ်ချင်းများအား ရည်စူး၍ သံဃာတော်များအား လှူဖွယ်ဝတ္ထုများနှင့် ဆွမ်းကပ်ခြင်း၊ ဆရာသမားများအား ဂါရဝပြုကန်တော့ခြင်းတို့ကို ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ တိပိဋကနိကာယကျောင်းတော်ကြီးတွင် ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ၊ ဇနီး သားသမီးများ ၂-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့) ၉း၀၀နာရီ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် -	ဦးအောင်မြင့်	ဖုန်း-၀၉-၅၀၆၅၇၁၀
	ဦးစောနာသန်	ဖုန်း-၀၁-၉၆၉၉၈၇၆
	ဦးအောင်သန်း	ဖုန်း-၀၉-၇၃၀၀၇၀၃၅
	ဦးထွန်းရီ	ဖုန်း-၀၉-၄၂၀၁၃၈၇၆၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄) ပခုက္ကူမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရမည့်တံတားလုပ်ငန်းများအတွက် တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများကို တံတားအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ တင်ဒါဝယ်ယူလိုသည့်ပစ္စည်းများမှာ အောက်ပါ အမျိုးအစားများ ဖြစ်ပါသည်။

လုပ်ငန်းသုံးကျောက်မျိုးစုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၅-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၆-၂၀၁၃ရက် ညနေ ၅နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ပခုက္ကူမြို့ ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၂-၂၂၈၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တံတားအထူးအဖွဲ့(၄)၊ ပခုက္ကူမြို့

လယ်တီမူဝိပဿနာ အလုပ်ပေးတရားပွဲ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုရ်လမ်း၊ ဆီဆုံလမ်းထိပ်၊ တိုက်ကြီးမြို့နယ်၊ အသင်းခန်းမရုံ၌ လစဉ် ၁ရက်မှ ၇ရက်အထိ ညနေ ၅း၃၀နာရီမှ ၇နာရီအထိနှင့် အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာဝင်းအတွင်း သန်းရတနာခန်းမရုံ၌ လစဉ် ၈ရက်မှ ၁၄ရက်အထိ ညနေ ၅း၃၀နာရီမှ ၇နာရီထိလည်းကောင်း မြတ်ဗုဒ္ဓ၏ ပဋ္ဌာန်းပတ်အကျင့်မြတ်တရားတော်များကို လယ်တီမူအနာဂါမ်ဆရာသက်ကြီး၏ ဥပနိဿယဖြင့် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးအေးထွန်း(ညောင်လွန့်)မှ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

အများသိစေရန်ကြေညာချက်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၃-လမ်း၊ အမှတ်(၁၁/၁၃) [illegible] အခန်းအမှတ်(၈)ကို [illegible] ဒေါ်တင်တင်ချို(ခ) [illegible] ဥက္ကဋ္ဌ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

OASIS
ချောင်းသာ(ဆား/တည်းခိုခန်း)
[illegible]
Ph:09-5038616, 09-73242469
09-73103031

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း

စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ဖြန့်ချိပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး [illegible]

LL.B, DBL | LL.M | LL.B, DBL
အထက်တန်းရှေ့နေ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ [illegible] (STRAND CONDOMINIUM) [illegible] (Unit- 5, 7- Floor) [illegible]

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၇၇၈ အမည်ပေါက် ဒေါ်ကြည်မြင့် KTN-၀၀၅၂၃၁၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကျော်လွင်ဦး ၁၂/ကတန(နိုင်)၀၃၂၈၀၀က မြေကွက်စလစ်မှုရင်းနှင့် ငွေသွင်းချလန်မှုရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ် ၈၇၄ အမည်ပေါက် ဦးတင်ထွန်း ၁၂/သလန(နိုင်)၀၆၇၄၁၉ ၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သင်းသင်းနိုင် ၁၂/သလန(နိုင်)၀၁၄၆၆၅က မြေကွက်စလစ်မှုရင်းနှင့် ငွေသွင်းချလန်မှုရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမှုရင်းများ တင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမျိုးသမီးသီးသန့် အထူးပန်းချီပြပွဲ

ရန်ကုန် မေ ၂၂

လူငယ်များ ပန်းချီပညာကို တန်ဖိုးထားတတ်လာစေရန်နှင့် ပန်းချီဆရာ မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်လျက် အမျိုးသမီးပန်းချီဆရာများပူးပေါင်း၍ Hamonies Art Exhibition ပြပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း ပန်းချီဆရာမ ဒေါ်မြတ်ထိပ်တင်က ပြောကြားသည်။

"ကျွန်မတို့ အမျိုးသမီးပန်းချီဆရာတွေပေါင်းပြီး ဒီပြပွဲကို ပြသခြင်းဖြစ်ပါတယ်၊ စုစုပေါင်း ဆီဆေး၊ ရေဆေးအပါအဝင် ပန်းချီကား ၅၅ ကား ခင်းကျင်းပြသထားပါတယ်။ ဒီပြပွဲမှာ ထူးခြားချက်အနေနဲ့ကတော့ ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းဆင်း ပန်းချီဆရာမ ရှစ်ဦးပါဝင် ပြသထားပါတယ်"ဟု ပန်းချီဆရာမ ဒေါ်မြတ်ထိပ်တင်က ပြောကြားသည်။

အဆိုပါ အမျိုးသမီးများ ပန်းချီပြပွဲတွင် စုစုပေါင်း ပန်းချီဆရာမ ၁၂ ဦး ပါဝင်ပြသထားသည်။ ပန်းချီဆရာမများမှာအေးငြိမ်းမြင့်၊ ချိုချိုခိုင်၊ ချိုဝေထွန်း၊ ကြည်သာအေး၊ မာရီယာအိဇာ၊ မေသူဝန်၊ မင်းမင်း၊ မြတ်ထိပ်တင်၊ ငြိမ်းငြိမ်းအိ၊ ဆုလင်း၊ တီတီမောင်လေးနှင့် ဇွန်အိဖြူတို့ ဖြစ်ကြသည်။ အဆိုပါ ပန်းချီပြပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းအမှတ်(၆၂)ပထမထပ်ရှိ လောကနတ်ပန်းချီပြခန်း၌ နံနက် ၉ နာရီ မှ ညနေ ၅နာရီအထိ မေ၂၀ရက်မှ ၂၂ရက်အထိ ပြသသွားခဲ့ကြောင်း သိရသည်။

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မူလတန်းကျောင်းနေ ကလေးများအတွက် ကျောင်းဝတ်စုံ ကျောင်းသုံးကိရိယာများထောက်ပံ့

မိုးညှင်း မေ ၂၂

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပေးပို့လှူဒါန်းသော Student kits for primary students တစ်ထုပ်လျှင် ကျောင်းဝတ်စုံ၊ ဗလာစာအုပ် ကျောင်းသုံးကိရိယာ ၁၃ မျိုးပါဝင်သော ၁၇ ထုပ်ကို မေ ၁၉ ရက်က မိုးညှင်းမြို့ မူလတန်းကျောင်းနေကလေးများအား ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါ်ဘောက်ဂျာက လာရောက်ပေးအပ်သည်။ အဆိုပါ လူမှုရေးရာဝန်ကြီးကလည်း အိမ်ထောင်စုဝင် ၁၂ စုမှ အိမ်ထောင်စုဝင် ၄၃ ဦးအတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ် တစ်သောင်းဖြင့် ငွေကျပ် ၁၂၀၀၀၀ ကို စေတနာပြု ပေးအပ်ခဲ့သည်။

(ဝ၆၃)

မန်းတက္ကသိုလ် တည်ထောင်သူ ရာပြည့်ဂုဏ်ပြုပွဲကျင်းပမည်

မန္တလေး မေ ၂၂

မန္တလေးတက္ကသိုလ် တာဝန်ယူ တည်ဆောက်ခဲ့သော ဒုတိယအဓိပတိ ဆရာကြီး ဦးကိုလေး မွေးနေ့ရာပြည့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် မန္တလေးမြို့ရှိ စာနယ်ဇင်းဆရာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၉ ရက် မွန်းလွဲ ၂ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ Oriental House ၌ ကျင်းပရာ ဆရာကြီးဦးစိန်ဝင်းက အမှာစကားပြောကြားခဲ့သည်။

ဒုတိယအဓိပတိဆရာကြီး ဦးကိုလေး၏ ရာပြည့်အထိမ်းအမှတ်ကို လာမည့် ဩဂုတ် ၂၃ ရက်တွင် ဆရာကြီး၏ ပုံတူရုပ်တုကို မန္တလေးတက္ကသိုလ်၏ ခန်းမဆောင်ရှေ့တွင် ခမ်းနားထည်ဝါစွာ စိုက်ထူ၍ ပထမဆုံးတက္ကသိုလ်ပေါ် ပေါက်လာအောင် ဆောင်ရွက်ပေးခဲ့သော ဆရာကြီးကို ဂုဏ်ပြုမည်ဖြစ်ပါ၍ ဆက်သွယ်လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉-၂၀၁၀၇၀၇၊ ၀၉-၂၀၅၂၆၃၀ သို့ အသေးစိတ် ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ကျော်ထူး

ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် နယ်မြေလုံခြုံရေးအတွက်ရဲနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၂

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် နယ်မြေလုံခြုံရေးအတွက် မေ ၂၀ ရက် ညမှ စတင်၍ အမှတ် (၃) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညီဝင်း၊ စခန်းမှူးတို့၏ ဦးဆောင်ညွှန်ကြားချက်အရ အမှတ်(၆)ရဲစခန်းမှ လှည့်ကင်းမှူးနှင့်အဖွဲ့သည် ဓနသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့နှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ လှည့်ကင်း၊ ဝပ်ကင်းများစီစဉ်ကာ နယ်မြေလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ကျော်သူရ (နေပြည်တော်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကျေးရွာပိုင် သစ်တောစိုက်ခင်းအတွက် ပျိုးပင်များစတင်စိုက်

ကွတ်ခိုင် မေ ၂၂

ကွတ်ခိုင်မြို့နယ် ကောင်းခမ်းကျေးရွာ၌ မေ ၁၈ ရက်က ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ အသုံးဝင်သစ်မျိုးပင် စိုက်ပျိုးခြင်းကို ဒေသနေပြည်သူများဖြင့် အစပြုဆောင်ရွက်ခဲ့သည်။ အဆိုပါကျေးရွာစိုက်ခင်း သစ်ပင်စိုက်ပျိုးပွဲတော်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး၊ မြေစာရင်း၊ စီမံကိန်း၊ ပြန်ကြားရေး၊ မွေး/ကု ဦးစီးဌာနများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံကျေးရွာပြည်သူများ စုပေါင်းပြီး ယူကလစ် ပျိုးပင် ၇၀၀ နှင့် ဆူးထင်းရှူး ပျိုးပင် ၃၀၀ စုစုပေါင်းအပင် ၁၀၀၀ တို့ကို သတ်မှတ်နေရာတွင် စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အယ်လ်စိုး (iprd)

စိန်ရတနာ
50,000/- Ks 5% Discount
100,000/- Ks 5% Discount
A4 ၆.၅ ကျပ်
A4 ၆ ကျပ်
Riso၊ မိတ္တူ၊ ကွန်ပျူတာ

ဦးခင်မင်းလတ် [B.E(Electronic),Project Engineer,Singapore]
ဒေါ်သက်သက်နိုင် [D.H.E(UK),P.G.D.B.A(Singapore),P.G.D.G.E(Yangon University),B.Sc(Chem)]
FUTURE BRIGHT STAR Education Center
Dr. (M.B.B.S)(The Best Biology)
ဖုန်း - 09 5112518

လမ်းမတန်း မြေကွက်ရောင်းမည်

၁။ ဒဂုံပြည်လမ်းမ	0.176	ဧက	မြေ	1Sqft	6.8သိန်း
၂။ (၇)မိုင်ပြည်လမ်းမ	0.175	ဧက	မြေ	1Sqft	6.5သိန်း
၃။ (၅)မိုင်ကန်လမ်းမ	0.190	ဧက	မြေ	1Sqft	2.8သိန်း
၄။ မရမ်းကုန်း၊မစိုးရိမ်လမ်းမ	0.165	ဧက	မြေ	1Sqft	1.5သိန်း
၅။ လှိုင်၊အေးရိပ်မွန်လမ်းမ	0.165	ဧက	မြေ	1Sqft	1.5သိန်း

☎ -09- 5185534, 09 5173690, 09 5040160

FAME
Biogurt®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
ဝမ်းလျှော၊ ဝမ်းပျက်ခြင်းအတွက်
Diarstat®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ခင်ပွန်းအဖြစ်မှစွန့်လွှတ်ကြောင်းနှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်း ဦးဝင်းဆွေနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗားကရာ၊ ဆိုင်အမှတ်(၄၀/၄၁)၊ ဝင်းသစ္စာ ငှက်ပျောပွဲရုံပိုင်ရှင် ဒေါ်သန်းဝင်း(ခ) ဒေါ်သောင်းဝင်း ၁၂/အစန(နိုင်)၀၈၉၆၀၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်သန်းဝင်း(ခ)ဒေါ်သောင်းဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုအုပ်စု၊ ဖိုးရာဝဲကျေးရွာနေ ဦးဝင်းဆွေ ၁၄/မအပ(နိုင်)၁၅၆၂၈၄တို့သည် လွန်ခဲ့သော ၉ နှစ်ခန့်ကစ၍ အိမ်ထောင်ကြီးလင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသော်လည်း ဦးဝင်းဆွေသည် ကျွန်ုပ်အမှုသည်၏ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် သူတစ်ပါးနှင့် အကြိမ်ကြိမ်ကျူးလွန်မှုပြုလုပ်နေသည့် အထောက်အထားအပြည့်အစုံ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သန်းဝင်း(ခ)ဒေါ်သောင်းဝင်းထံတွင် ရှိနေပြီးဖြစ်ပါသည်။

အခင်းဖြစ်သည့် ၁၀-၅-၂၀၁၃ရက်တွင် လူကြီးမင်းသည် ဒေါ်သန်းဝင်း(ခ)ဒေါ်သောင်းဝင်းဆိုင်တွင် ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်နှစ်ခုအား ဓားမဖြင့် ခုတ်ထစ်ဖျက်ဆီးခဲ့သလို ငှက်ပျောခိုင်ပေါင်း မြောက်မြားစွာကို ဖျက်ဆီးခဲ့ပါသည်။ လူကြီးမင်းသည် ၁၀-၅-၂၀၁၃ရက်က ဒေါ်သန်းဝင်း(ခ)ဒေါ်သောင်းဝင်းကို အသိမပေးဘဲ မီးခံသေတ္တာထဲမှ ငွေကြေးများ၊ စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ဆင်းသွားခဲ့ပါသည်။

၁၆-၅-၂၀၁၃ရက် ည ၁၂း၅၉နာရီတွင် ဆိုင်ရှိအလုပ်သမားများကို အသက်အန္တရာယ်ထိခိုက်အောင် ပြုလုပ်မည်ဟု ဖုန်း-၀၉-၄၄၈၀၂၃၀၇၆ ဖြင့် ခြိမ်းခြောက်ခဲ့သည်ကို လူကြီးမင်းအသိပင် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးဝင်းဆွေအား ခင်ပွန်းသည်အဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ငှင်းနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးလိမ့်မည် မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သန်းဝင်း(ခ) ဒေါ်သောင်းဝင်းနှင့် ဦးဝင်းဆွေတို့သည် လုံးဝ(လုံးဝ)ပတ်သက်သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းဝင်း(ခ)ဒေါ်သောင်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုညိုဆင့် LL.B	ဒေါ်ဇင်မာမျိုး LL.B	(သန်လျင်)ဦးထွန်း
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	LL.B,CBL,DBL,DML,DIL,DA.Psy
စဉ်-၃၁၃၀၈	စဉ်-၃၈၆၄၃	တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၃)
		၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊
		အမှတ်(၁) မရမ်းကုန်းတရားရုံးရှေ့၊ ဖုန်း-၀၉-၄၃၀၄၃၀၉၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျန်စစ်သားရိပ်မွန်၊ စက်မှုဇုန်အပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၃/၁၊ စက်မှုမြေကွက်အမှတ်(၄)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဇင်လတ် ၉/မဟမ(နိုင်)၀၀၅၇၅၈ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်နန်းသဲသဲဖြူ ၁၂/သဃက(နိုင်)၀၄၁၄၁၄ က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

တရားမပုံစံအမှတ်-၉၃
ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းကြားစာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဇီးကုန်းမြို့နယ်တရားမရုံးတော်၌
၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၆၃
၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

မန်နေဂျာ	**နှင့်**	၁။ ဦးအေးမြင့်
မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့။		၂။ ဒေါ်ငွေငွေမြင့်
ဒီကရီအနိုင်ရသူ		**တရားရုံးများ**

ဦးအေးမြင့်-ဒေါ်ငွေငွေမြင့် အေးမြသာယာမြို့သစ် ၂လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဇီးကုန်းမြို့ သိစေရမည်။

အထက်အမည်ပါ အမှုတွင် တရားရှုံးပိုင် နေအိမ်နှင့်ခြံမြေအား ကြမ်းခင်းဈေး ငွေကျပ် ၈၅သိန်းဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူ မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဇီးကုန်းမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၁၃ခုနှစ် ဇွန် ၅ရက် မွန်းမတည့်မီ ၁၀နာရီတွင် ချိန်းဆိုပြီးဖြစ်သည်။

၂၀၁၃ခုနှစ် မေ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှဝင်း) မြို့နယ်တရားသူကြီး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မူဆယ်၌ ပုလဲသွယ်မျိုးစပါး အောင်မြင်ဖြစ်ထွန်း လျက်ရှိ

မူဆယ် မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ နမ့်ခမ်းဒေသ စိုက်ပျိုးရေးစံပြကွက်တွင် အထူးအထွက်တိုး နွေစပါး(ပုလဲသွယ်)မျိုးဖြစ်ထွန်းအောင်မြင်မှုနှင့်စဉ်ဆက်မပြတ်သွင်းအားစုဖြင့် ဖြည့်ဆည်းဆောင်ရွက်မှုကို မေ ၁၈ ရက်နှင့် ၁၉ ရက်များက စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးဌာနမှူး ဦးဝင်းလှိုင်နှင့် ခရိုင်ဦးစီးဌာနမှူး ဒေါ်နန်းလွင်လွင်စိန်တို့အဖွဲ့သည် မူဆယ်ကွင်းအမှတ်(နမ့်လောင်း)တွင် ၆၅၆ ဧကနှင့် နမ့်ခမ်း ပြည်ထောင်စုလမ်းမတစ်ကြော လယ်ဧက ၄၈၁၁ ဧက စိုက်ကွင်းပြင်သို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်၍ မေ ၂၀ ရက်က ပန်ဆိုင်း(ကြူကုတ်)ဒေသ မိုးစပါးစိုက်ပျိုးရေးအတွက် ထယ်ရေး၊ ထွန်ယက်ပြင်ဆင်မှုနှင့်ပျိုးပင်များ စတင်ကြဲပက်မှုကို သွားရောက်ကြည့်ရှုခဲ့ပြီး တောင်သူများအား တွေ့ဆုံကာ လိုအပ်သော စိုက်ပျိုးနည်းပညာနှင့် ပိုးမွှားကာကွယ်ရေး၊ ပိုးသတ်ဆေးအသုံးပြုနိုင်ပုံကို လက်တွေ့ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

၂၀၁၃ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် သွေးလွန်တုပ်ကွေးရောဂါ စတင်ဖြစ်ပွားလာပြီဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှနိုင်ငံများအတွင်း ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် ရှိနေသောရောဂါဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါဖြစ်ပွားမှု အခြေအနေအပေါ် မူတည်၍ တုံ့ပြန်ဆောင်ရွက်ရေးနှင့် ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီချက်ချင်းစတင်ဆောင်ရွက်စေလိုကြောင်း၊ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များ သတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်၍ အပတ်စဉ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် သဘာပတိ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ၌ အမှာစကားပြောကြားသည်။

ထို့အပြင် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ယခုကပင် စတင်၍ သတင်းများတွင် ထည့်သွင်းကြေညာစေလိုကြောင်း၊ ကုသရေးအပိုင်းအနေဖြင့် ရောဂါဖြစ်ပွားမှု လျော့ကျစေရေးနှင့် ရောဂါဖြစ်ပွားသူများ သေဆုံးမှုမရှိစေရေး ဦးစားပေးဆောင်ရွက်စေလိုကြောင်းနှင့် ကုသရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ပြီး လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို ကြိုတင်စုဆောင်းထားရန်နှင့် ကြိုတင်တောင်းခံထားကြရန်လိုအပ်ကြောင်း၊ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကုသရေးလုပ်ငန်းများကို ဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြအစီရင်ခံသွားရန်နှင့် လိုအပ်ချက်များကို တင်ပြသွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြို့နယ်အဆင့်ဆင့်သို့ ထပ်ဆင့် ညွှန်ကြားပေးရန် လိုအပ်ကြောင်းလည်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး(သွေးလွန်တုပ်ကွေး) ဒေါက်တာနီနီအေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစိုးလွင်ငြိမ်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့်ဆောင်ရွက်သွားရန်၊ ဆေးရုံများအနေဖြင့် ကုသရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးစီမံချက်ရေးဆွဲဆောင်ရွက်ရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

ပဲခူး မေ ၂၂



ပဲခူးတိုင်းဒေသကြီး ပဲခူးရွှေမော်ဓောဘုရားလမ်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းဆောင်တွင် ၂၀၁၃ ခုနှစ် ဇွန်လ ၂၆ ရက်၌ ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်း၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးသန်းနှင့် ဆရာဆရာမများက ပြိုင်ပွဲဝင်ကျောင်းသားများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သန့်စင်)

လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ကျော်ဇင်ထွန်း B.Sc(Physics), A.G.T.I(M.P), Total E & P Myanmar **နှင့် ကျွန်မ မမြင့်သူခင်** B.Pharm(ygn), D.K.S.H Co., Ltd. တို့သည် နှစ်ဖက်မိဘများ၏ ခွင့်ပြုချက်နှင့်အညီ ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် မင်းကွန်းတိပိဋကရေ (ရွှေရတုမင်္ဂလာခန်းမ)၌ မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ပြီးစီးပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇင်ထွန်း-မမြင့်သူခင်

ဖခင် အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ အဋ္ဌမတန်းအောင် မောင်လင်းဇော်၏ ဖခင်အမည်မှန်မှာ ဦးကျော်သောင်း ၆/မအရ(နိုင်)၀၃၄၆၆၆ ဖြစ်ပါကြောင်း။

ဦးကျော်သောင်း

အမည်ပြောင်း

ဦးသောင်းဌေး၏သမီး မြိတ်မြို့၊ အထက(၂)မှ ဒုတိယတန်းအောင် မဆန်းသီရိဌေးအား မသဇင်သင်းဟု ပြောင်းလဲခေါ်ပါရန်။

မသဇင်သင်း

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် မက/၂၈၉၄၇ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်မိုး ၈/စလန(နိုင်)၀၁၃၆၇၆က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန ခရိုင်ရုံး (မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၅၇၇၆ ယာဉ်လက်ဝယ်ရှိသူ ဦးငွေဟုတ် ၁၀/ကမရ(နိုင်)၀၁၃၄၇၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

အမြန်ဆက်သွယ်ပါ

ဦးတင်မောင်ထွေး B.E (မြို့ပြ)
၅/ကလတ(နိုင်)၀၅၈၉၃၈
ပါကြီး

အမြန်ဆက်သွယ်ပါ။ သားလေးလည်း တော်တော်လေးနေမကောင်းဖြစ်နေတယ်။ သတင်းပေးသူ ကျေးဇူးဆပ်မည်။

သက်(ခ)အေးမိစံ၊ သား ဟိန်းဇော်ထွေး
ဖုန်း-၀၉-၄၃၁၆၃၀၇၀

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၇၅၉၁၁ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော် ၁၀/သထန(နိုင်)၀၀၁၅၃၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(သထုံ)

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဇေယျာကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင် (ငြိမ်း)

အသက်(၆၅)နှစ်

ဇေယျာကျော်ထင် ဗိုလ်ချုပ်ကျော်စွာခိုင်(ငြိမ်း)သည် ၁၆-၅-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသည့်အတွက် အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၄)
သင်တန်းဆင်းအရာရှိများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိန်ဝင်း (ညွန်ကြားရေးမှူး-ငြိမ်း)ဆည်မြောင်းဦးစီးဌာန

အသက်(၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ် ၁၃၂၀၊ သရဖီလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း ဦးစိန်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာနသည် ၂၁-၅-၂၀၁၃ရက် ည ၉း၅၅နာရီတွင် ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်ဇော် ဒုတိယဝန်ကြီးနှင့်ဇနီး
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစိုးသန်းအောင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ အဖွဲ့ဝင် ဦးတင်မြင့်(ညွှန်ချုပ်၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)-ဒေါ်သန်းနုတို့၏သားကြီး ဦးစိုးသန်းအောင် အသက်(၄၈)နှစ်သည် ၃-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးမြင့်-ဒေါ်ဝါဝါကျော်
(တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်)နှင့်
တနင်္သာရီတိုင်းဒေသကြီးမှ
ဥပဒေအရာရှိများ

ဦးမြင့်ရှိန်

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ မေဃဝတီကျောင်းလမ်း၊ မေခအိမ်ရာ၊ အမှတ် C-3နေ (ဦးဟန်ရှိန်-ဒေါ်မြင့်မြင့်)တို့၏သား၊ [ဒုတိယဗိုလ်မှူးကြီးလှဝင်း(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း]တို့၏သားသမက်၊ ဒေါ်ပုလဲ(ခ)ဒေါ်ချောမ၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်ခင်မင်းဟန်တို့၏အစ်ကို၊ မောင်မြင့်ဝင်းဟန်၊ မပန်းအိဖြူ-မောင်သက်ဇော်လွင်တို့၏ဖခင်သည် ၂၂-၅-၂၀၁၃ရက် နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

